မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၂၅)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့် ဇနီးတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလာရောက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ရှရီ အမ် ဟာမစ် အန်ဆာရီနှင့် ဇနီး ရှရီမာတီ ဆယ်မာ အန်ဆာရီတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့ ရန်ကုန်မြို့ ငါးထပ်ဆောင်ဧည့်ရိပ်သာ၌ တွေ့ဆုံကြစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သံတမန်များနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့သည် ယနေ့ နံနက် ၈နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ငါးထပ်ဆောင်ဧည့်ရိပ်သာ၌ တွေ့ဆုံကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

မွန်ပြည်နယ် ပငဆားလုပ်ငန်းမှ နေလှန်းဆားကြမ်း အများအပြားထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ

သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်)၊ ဓာတ်ပုံမှတ်တမ်း - လှမိုး(သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်(မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၁

မိမိတို့သတင်းအဖွဲ့သည် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်သို့ရောက်ရှိစဉ်အတွင်း ပငကျေးရွာနှင့် ကရပ္ပိကျေးရွာအကြားရှိ ပငဆားလုပ်ငန်း လုပ်ငန်းခွင်သို့ သွားရောက်လေ့လာခဲ့သည်။

အများဆုံး

ပငဆားလုပ်ငန်းကို ၁၉၆၈-၁၉၆၉ခုနှစ်ကတည်းက စတင် လုပ်ကိုင်ခဲ့ပြီး လုပ်ဧက ၈၁၆ ဒသမ ၆၀ဧကမှ နှစ်စဉ် နေလှန်းဆားကြမ်းများကို ထုတ်လုပ်ပေးလျက်ရှိရာ တစ်နိုင်ငံလုံးတွင် လုပ်ဧကအများဆုံးဟု သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

သံဖြူဇရပ်မြို့နယ်ရှိ ပင ဆားလုပ်ငန်းခွင်တစ်နေရာကို ဤသို့ တွေ့ရသည်။
(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်)

လေဘေးသင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင် ကျန်းမာရေးလုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်

နိုင်ငံတော်အစိုးရသည် လေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ ဒေသခံတိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးကဏ္ဍကို အလေးထား ဆောင်ရွက်လျက်ရှိသည်။

မြို့ပြနှင့်ကျေးလက်များ ပြန်လည်တည်ဆောက် အဆင့်မြှင့်တင်ပေးရာတွင် ပိုမိုစနစ်ကျစေရန် ဆေးရုံများ ပိုမိုခေတ်မီပြီး ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ပေးနိုင်ရန် ရုံးများ၊ ကျောင်းများ ပိုမိုခိုင်ခံ့ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် လေဘေးသင့်ဒေသ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့ရာ၌ အထူးကုဆရာဝန်များ၊ ကွင်းဆင်းကုသရေးအဖွဲ့များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးသမားတော်များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထား ဖော်ဆောင်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၌ ၁၆ ခုတင်ဆံ့ ဆေးရုံကိုလည်း တည်ဆောက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် MSF နှင့် IOM တို့ကလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်လျက်ရှိသည်။

ဘိုကလေးမြို့နယ် စက်ဆန်း ကျေးလက်ကျန်းမာရေးဌာနသို့ ရွေ့ပြောင်းတပ်ဆင်နိုင်သောဆေးရုံ လွှဲအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ရက်က ယင်းကျေးရွာ၌ ကျင်းပခဲ့သည်။ ရွေ့ပြောင်းတပ်ဆင်နိုင်သောဆေးရုံကို IOM အဖွဲ့က လှူဒါန်းခြင်းဖြစ်ပြီး ၄င်းတွင် လူနာကုသခန်းများ၊ သန့်စင်ခန်းနှင့် ဆေးပစ္စည်းများပါဝင်သည်။ ယင်းနေ့၌ပင် ဖျာပုံမြို့နယ် ဒေါ်ညိမ်းကျေးရွာနှင့် ကျုံဒါးကျေးရွာတို့၌လည်း ဆေးကုသခန်း၊ သန့်စင်ခန်း၊ ဆေးပစ္စည်းများ၊ မီးစက်၊ လေအေးပေးစက်နှင့် ရေပေးဝေမှုများ ပါဝင်သည့် ရွေ့ပြောင်းတပ်ဆင်နိုင်သော ဆေးရုံ လွှဲအပ်ပွဲ အခမ်းအနားကိုကျင်းပခဲ့သည်။

နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်ပေးမှု၊ စေတနာရှင်များ၏ ပံ့ပိုးမှု၊ ကျန်းမာရေးဝန်ထမ်းများ၏ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးမှုကြောင့် လေဘေးသင့်ဒေသ ကျေးရွာများတွင် ကူးစက်ရောဂါပြန့်ပွားခြင်း၊ ရောဂါဆိုးများကျရောက်ခြင်းတို့မှ ကင်းလွတ်ခဲ့ကြရသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရ၏ လေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယနေ့အချိန်အထိ စဉ်ဆက်မပြတ် အလေးပေးဆောင်ရွက်လျက်ရှိရာ၌ ဒေသခံတိုင်းရင်းသားပြည်သူတို့ကပါ ပါဝင်လက်တွဲ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၂-၂၀၀၉ (တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**လျှာတတ်ပြီလား** တရားတော် (ဆရာတော် ဘဒ္ဒန္တသောဘန)
၈:၀၀-၂:၀၀	မန်းရွှေစက်တော်မှ ခြေတော်ရာဦး ဖူးရအောင်
၈:၁၅-၂:၁၅	Soccer Update
၈:၃၀-၂:၃၀	နိုင်ငံတကာ အနုပညာရေးရာ
၈:၄၅-၂:၄၅	Activities in the City (မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်း နှစ်ပတ်လည် ညီလာခံ၊ စာတမ်းဖတ်ပွဲနှင့် ထုတ်ကုန်ပစ္စည်းပြပွဲ)
၉:၀၅-၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅-၃:၁၅	Biz Net
၉:၂၅-၃:၂၅	တေးဂီတအစီအစဉ်
၉:၃၀-၃:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅-၃:၃၅	Colorful System of River
၁၀:၂၀-၄:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅-၄:၂၅	Funniest Animals
၁၀:၄၅-၄:၄၅	မိုးလေဝသခန့်မှန်းချက်
၁၀:၅၀-၄:၅၀	သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး (လူမိုက်နှင့်ကင်းချမ်းသာခြင်း)
၁၁:၀၀-၅:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅-၅:၁၅	စားချင်စဖွယ် နည်းအသွယ်သွယ် (ရှန်ဟိုင်းပုစွန်၊ ဝက်သားဆန်လှော်မှုန့်)
၁၁:၂၅-၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀-၅:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅-၅:၃၅	အမြင်ဆန်းတင့် သပ်ရပ်ခံ့ထည်အလှဆင်မယ်
၁၁:၅၅-၅:၅၅	သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင် ဝါဝါအောင်နှင့်တွေ့ဆုံခြင်း)
၁၂:၁၅-၆:၁၅	ကိုမောင်မြင့်တို့ပျော်နေပုံများ
၁၂:၃၀-၆:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅-၆:၃၅	ဂီတသမားတို့ရဲ့ရင်ခုန်သံများ (သျှီ ONE LADY SHOW)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂-၂-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြုသင်ခန်းစာ(ရူပဗေဒအပိုင်း-ခ)
၄:၄၅	၇။	မျိုးချစ်တပ်မတော်
၄:၅၀	၈။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၀၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅:၁၅	၁၀။	ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင်
၅:၄၀	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၅။	သွက်လက်လှုပ်ရှား ကစားစို့လား
၆:၄၅	၁၆။	လျှပ်တစ်ပြက်
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ** (အပိုင်း-၁)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။	မေးမြန်းစူးစမ်း
	၂၃။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၄။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၁၆)

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဝန်ကြီး ဦးအောင်သောင်း မိတ္ထီလာမြို့၌ ဝါစိုက်ပျိုးထုတ်လုပ်သူများနှင့် တွေ့ဆုံ ငွေချည်(၆)ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးရန် မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇန်နဝါရီ ၃၁ရက် နံနက် ၁၁နာရီက မြန်မာ့အထည်အလိပ်လုပ်ငန်း ပျော်ဘွယ်ချည်မျှင်စက်ရုံ စီမံကိန်း၌ စက်များတပ်ဆင်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တပ်ဆင်ပြီးစက်များကို ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အမြန်ဆုံး စမ်းသပ်လည်ပတ်ရန်နှင့် စက်ရုံပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်နှင့် လေကာပင်များ စိုက်ပျိုးကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာ၌ ဖွင့်လှစ်ထားသော ငွေချည်(၆)ချည်မျှင်ရှည်ဝါ အဝယ်ဒိုင်၌ ဝါများဝယ်ယူရရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများက တိကျမှန်ကန်စွာ ဝယ်ယူရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေးတို့ကို မှာကြားသည်။

တိုးချဲ့စိုက်ပျိုး

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဝန်ကြီး ဦးအောင်သောင်းတို့သည် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ဝါစိုက်ပျိုးထုတ်လုပ်သူများနှင့် တွေ့ဆုံရာ ရမည်းသင်း၊ မြင်းခြံ၊ ညောင်ဦးခရိုင်နှင့် မြို့နယ်တို့မှ စိုက်ပျိုးရေး ညှိနှိုင်းကြီးကြပ်မှုကော်မတီဝင်များနှင့် ဝါစိုက်တောင်သူများ တက်ရောက်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက ငွေချည်(၆) ချည်မျှင်ရှည်ဝါကို တိုးချဲ့စိုက်ပျိုးကြရန် မှာကြားသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် ဝန်ကြီး ဦးအောင်သောင်းက ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းကြီးကြပ်မှုကော်မတီဝင်များက တောင်သူများ လိုအပ် ချက်ကို ညှိနှိုင်းဆောင်ရွက်ပေးကြရန်နှင့် ဝါစိုက်တောင်သူများ၏ ဝါများကို အချိန်နှင့်တစ်ပြေးညီ ရောင်းချသွားနိုင်ရေးနှင့် ဝါအဝယ်ဒိုင်များကလည်း ဝါများကို ပိုမိုဝယ်ယူရရှိအောင် ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ထို့နောက် ဝါစိုက်တောင်သူများ၏ သိလိုသည်များကို တိုင်းမှူးနှင့် ဝန်ကြီးတို့က ပြန်လည်ဖြေကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပဒေပညာရပ် ကျောင်းသား ကျောင်းသူဟောင်းများ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

First To Fifth Batch (B.A, Law,LL.B) ဥပဒေပညာရပ် ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၈) ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း တက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားသို့ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဆက်သွယ်စုံစမ်းလိုပါက ဒေါ်ဝေဝေကြည် ဖုန်း-၀၁-၆၆၀၂၆၀၊ ဒေါ်ခင်ငြိမ်းအေး ဖုန်း-၀၁-၂၉၆၄၆၁၊ ဒေါ်ခင်ဝင်း (နေပြည်တော် လယ်ဝေး) ဖုန်း-၀၆၇-၃၀၁၄၉၊ ဦးအေးသောင်း ဖုန်း-၀၁-၃၈၇၆၃၁၊ ၀၉-၄၄-၄၂၁၈၅၈၊ ဦးဟန်ထူး ဖုန်း-၀၁-၅၂၇၂၄၂၊ ဦးအုန်းလှိုင် ဖုန်း-၀၁-၂၄၅၄၈၄၊ ဦးလှမြင့် ဖုန်း-၀၁-၃၈၀၃၂၄၊ ဦးတင်သောင်း ဖုန်း-၀၉-၉၉-၂၄၉၆၀နှင့် ဒေါ်သန်းသန်း ဖုန်း-၀၁-၅၅၉၉၀၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးမောက်စည်ပင် ငြိမ်းချမ်းသာယာလမ်း ကတ္တရာထပ်ပိုးလွှာခင်း

မိုးမောက် ဖေဖော်ဝါရီ ၁

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးသည် မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့ပြငြိမ်းချမ်းသာယာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးနုးဆောင်က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သွေးလွန်တုပ်ကွေးကာကွယ်

ဇန်နဝါရီ ၃၁ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဦးဆောင်မှုဖြင့် ကန်တော်ကလေး (အရှေ့)ရပ်ကွက် ၉၁လမ်း၊ မန္တလေးလမ်းတို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရေမြောင်းများ ဆယ်ယူခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းများကို ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်ကွက်ပြည်သူများ၊ ပူးပေါင်းဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ငြိမ်း၊ အတွင်းရေးမှူး ဦးစိုးလှိုင်ဦးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ကျော်လွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၂၃)

တွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ ဧည့်ရိပ်သာ၌ တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ တက်ရောက်ကြသည်။

တွေ့ဆုံ

ထို့နောက် Mr. Gambari သည် နံနက် ၁၀နာရီ မိနစ် ၂၀ တွင် ဆက်သံရေးဝန်ကြီး ဦးအောင်ကြည်နှင့်လည်းကောင်း၊ နံနက် ၁၁နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်လည်းကောင်း၊ မွန်းလွဲ ၁နာရီခွဲတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်နှင့် အဖွဲ့ဝင်များနှင့်လည်းကောင်း၊ မွန်းလွဲ ၂နာရီ ၅မိနစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းနှင့် အဖွဲ့ဝင်များနှင့် လည်းကောင်း၊ ညနေ ၄နာရီ ၁၀မိနစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ တာဝန်ရှိသူများနှင့်လည်းကောင်း စိမ်းလဲ့ကန်သာ ဧည့်ရိပ်သာ၌ သီးခြားစီ တွေ့ဆုံသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင် အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက Mr. Gambari အား မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းနှင့် အဖွဲ့ဝင်များနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ ဧည့်ရိပ်သာ၌ တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပန်ဂီရန်ဒါတိုပါဒူကာ ဟာဂျီဟာမစ်အဗ္ဗဒူဘင် ပန်ဂီရန် ဟာဂျီမိုဟာမက်ယာဆင်အား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မွေးဖွားခဲ့

ပန်ဂီရန် ဒါတိုပါဒူကာ ဟာဂျီဟာမစ်အဗ္ဗဒူဘင် ပန်ဂီရန် ဟာဂျီမိုဟာမက်ယာဆင်သည် ၁၉၅၅ခုနှစ် ဧပြီ ၂၈ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဗြိတိန်နိုင်ငံ ဆာလ်ဖို့ဒ်တက္ကသိုလ်မှ သိပ္ပံဘွဲ့ကိုလည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ တက္ကသိုလ်မှ ပညာရေးဆိုင်ရာ ဒီပလိုမာကိုလည်းကောင်း၊ ဗြိတိန်နိုင်ငံ အက်စ်ဇက်တာတက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပြီး ဖြစ်သည်။ ၎င်းသည် ၁၉၇၉ခုနှစ်တွင် ပညာရေးဌာန၌ ပညာရေးအရာရှိအဖြစ် စတင်အမှုထမ်းခဲ့ပြီး အစိုးရဌာနအသီးသီးတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၃ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ဝန်ကြီးချုပ်ရုံးတွင် အမြဲတမ်းအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၇ခုနှစ် အောက်တိုဘာမှ ၂၀၀၈ခုနှစ် ဇန်နဝါရီအထိ ကာကွယ်ရေးဝန်ကြီးဌာနတွင် အမြဲတမ်း အတွင်းဝန်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၈ခုနှစ် ဇန်နဝါရီမှ လက်ရှိကာလအထိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတွင် အကြီးတန်း အထူးတာဝန်အရာရှိကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ထို့အပြင် ၂၀၀၅ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ဘရူနိုင်း လေကြောင်းလိုင်းဥက္ကဋ္ဌ၊ ဘရူနိုင်း ဒါရုဆလမ် အလုပ်သမားများ ရန်ပုံငွေအဖွဲ့၏ ဒုတိယဥက္ကဋ္ဌနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘိုင်ဒူရီဘဏ်၏ ဘုတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ **(သတင်းစဉ်)**

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်ပညာရေးတက္ကသိုလ်၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ရက် နံနက် ၉နာရီက တက္ကသိုလ်များမွှာရုံ၌ ကျင်းပရာ ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးက မြတ်ဆရာတို့၏ ဂုဏ်ရည်ကို ရည်စူး၍ အဖွင့်အမှာစကား ပြောကြားသည်။

ကန်တော့

ယင်းနောက် မြတ်ဆရာပူဇော်ပွဲ ကော်မတီဥက္ကဋ္ဌ ဦးအုန်းမြင့်က ပူဇော်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကမ္ဘောဇဘဏ်မှ မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးအတွက် အလှူငွေကျပ် ၁၂၇သိန်းငါးသောင်းနှင့် ဆရာကြီး ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ငွေကျပ်သိန်း၆၀ တို့ကို ပေးအပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူဟောင်းများက မြတ်ဆရာတို့အား ပူဇော်ကန်တော့လက်ဆောင်များ ပေးအပ်လှူဒါန်းကြကာ တပည့်များက ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြသည်။

သြဝါဒစကား

ထို့နောက် မြတ်ဆရာများကိုယ်စား ဆရာကြီးများဖြစ်သော ဒေါက်တာခင်မောင်ဝင်း၊ ဦးထွန်းကြွယ်**(အောက်ပုံ)**၊ ဒေါက်တာခင်မောင်ညွန့်နှင့် ဦးလှိုင်တို့က သြဝါဒစကားများ ပြောကြားကြသည်။ **(မြန်မာ့အလင်း)**

တောင်အာရှနိုင်ငံအချို့၏ ရာသီဥတုအခြေအနေ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ရန်ကုန် ဖေဖော်ဝါရီ ၁

တောင်အာရှဒေသရှိ နိုင်ငံအချို့၏ ဖေဖော်ဝါရီ ၁ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေနှင့် နောက်နှစ်ရက်အတွက် ဖြစ်နိုင်ဖွယ်ရှိသည့် ရာသီဥတုအနေအထားများကို အင်တာနက်မှရယူကာ စုစည်းဖော်ပြလိုက်ရပါသည်-

ပါကစ္စတန်

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ဖေဖော်ဝါရီ ၁ရက်က အပူချိန် ၂၈ဒီဂရီစင်တီဂရိတ် ရှိခဲ့သည်။ ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် တိမ်ကင်းစင်ပြီး သာယာခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ ပါကစ္စတန်နိုင်ငံတစ်ဝန်း၌ ညအပူချိန်များ ၁၇ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နိုင်ပြီး အများအားဖြင့် သာယာမည်ဖြစ်သည်။ အနောက်မြောက်ဘက်နှင့် မြောက်ဘက်များတွင်မူ တစ်နာရီလျှင် ၁၀မိုင်နှုန်း လေတိုက်ခတ်ကာ အအေးပိုနိုင်သည်။ တောင်ဘက်နှင့် အနောက်တောင်ဘက် ဒေသများ၌ မိုးအနည်းငယ်ရွာသွန်းနိုင်မည်ဖြစ်ကြောင်း ဖော်ပြသည်။

အိန္ဒိယ

အိန္ဒိယနိုင်ငံတွင် ဖေဖော်ဝါရီ ၁ရက်က ပျမ်းမျှအပူချိန် ၂၃ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ အနောက်မြောက်ဘက်မှ လေများ တစ်နာရီ ၁၄မိုင်နှုန်းတိုက်ခတ်ခဲ့ပြီး အိန္ဒိယနိုင်ငံ တောင်နှင့် အရှေ့တောင်ပိုင်းဒေသများ၌ သာသာယာယာ ရှိခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နယူးဒေလီနှင့် မွမ်ဘိုင်းမြို့များတွင် နေ့အပူချိန် ၂၄ဒီဂရီစင်တီဂရိတ်ရှိပြီး ညအပူချိန်များ ဆက်လက်ကျဆင်းမည် ဖြစ်သည်။ အိန္ဒိယကမ်းလွန်တွင် တစ်နာရီ ၃၅မိုင်နှုန်း လေပြင်းများတိုက်ခတ်နိုင်ပြီး လှိုင်းကြီးနိုင်မည်ဖြစ်သည်။ သို့သော် အနောက်မြောက်ပိုင်းဒေသအချို့တွင် နံနက်ပိုင်း၌ ဆီးနှင်းများကျဆင်းနိုင်ကြောင်း ခန့်မှန်းထားသည်။

နီပေါ

နီပေါနိုင်ငံတစ်ဝန်းတွင် ဖေဖော်ဝါရီ ၁ရက်က ပျမ်းမျှအပူချိန် ၁၉ဒီဂရီစင်တီဂရိတ် ရှိခဲ့သည်။ မြောက်ပိုင်းဒေသအချို့၌ နံနက်ပိုင်း ဆီးနှင်းများကျဆင်းခဲ့သည်။ မြို့တော်ခတ္တမန္ဒူ၌ နေ့အပူချိန် ၂၀ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး တိမ်ထူထပ်ခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ ညအပူချိန် ခုနစ်ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းနိုင်မည်ဖြစ်သည်။ အနောက်တောင်နှင့် တောင်ပိုင်းအရပ်များတွင် တိမ်ထူထပ်ပြီး မိုးရွာသွန်းနိုင်မည် ဖြစ်သည်။ သို့သော် အရှေ့တောင်ပိုင်းအရပ်ဒေသများ၌ အနည်းငယ် မိုးရွာသွန်းနိုင်ကြောင်း သတိပေးထားသည်။

သီရိလင်္ကာ

သီရိလင်္ကာနိုင်ငံတစ်ဝန်းတွင် ဖေဖော်ဝါရီ ၁ရက်က နေရာဒေသအများအပြား၌ သာသာယာယာ ရှိခဲ့သည်။ အနောက်တောင်ပိုင်း၊ အရှေ့တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် အပူချိန် ၃၃ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး တိမ်များ ဖြစ်ထွန်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေ့အပူချိန်များ ဆက်လက်မြင့်တက်ဖွယ်ရှိပြီး ညအပူချိန်များ ကျဆင်းနိုင်မည်ဖြစ်သည်။ သီရိလင်္ကာကမ်းလွန်တွင် လှိုင်းအသင့်အတင့်သာရှိနိုင်မည်ဖြစ်ပြီး ကမ်းခြေဒေသများ၌ မိုးရွာသွန်းနိုင်ကြောင်း ခန့်မှန်းသည်။

ဘင်္ဂလားဒေ့ရှ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းတွင် ဖေဖော်ဝါရီ ၁ရက်က တစ်နိုင်ငံလုံး ပျမ်းမျှအပူချိန် ၂၉ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများ၌ တိမ်ဖြစ်ထွန်းခဲ့ပြီး သာယာခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ ဘင်္ဂလားဒေ့ရှ် ကမ်းရိုးတန်းဒေသများ၌ မိုးရွာသွန်းနိုင်သည်။ မြောက်ဘက်မှ လေအေးများ တစ်နာရီ မိုင်၂၀ တိုက်ခတ်နိုင်သော်လည်း အချို့ဒေသများ၌ နံနက်ပိုင်း ဆီးနှင်းများကျဆင်းနိုင်မည်ဖြစ်ကြောင်း၊ တောင်ပိုင်းဒေသအချို့၌ နေ့အပူချိန်များ မြင့်တက်လာဖွယ်ရှိကြောင်း ခန့်မှန်းဖော်ပြထားသည်။ ॥ ***(အင်တာနက်)***

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ်၊ တပို့တွဲလဆန်း ၈ရက် (ဥပုသ်နေ့)

၂-၂-၂၀၀၉ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ **ချစ်လွန်းလို့** ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
၈း၂၀ ၈။ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀ ၃။ အကပဒေသာ
၄း၃၀ ၄။ မြန်မာစာ မြန်မာစကား
၄း၄၅ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၄း၅၅ ၆။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(ရူပဗေဒဘာသာရပ်) (အပိုင်း-ခ)
၅း၂၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၀ ၈။ **အဲဒီမှာ စတွေ့တာပဲ** မင်းအုပ်စိုး၊ ၄က်ပျောကြော်၊ မြတ်ကေသီအောင် (ဒါရိုက်တာ-မင်းအုပ်စိုး)
၅း၃၅ ၉။ တေးဂီတအစီအစဉ်
၅း၄၀ ၁၀။ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၅၀ ၁၁။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ** (စစ်မှန်သောမျိုးချစ်စိတ်ဓာတ်)
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၄။ ဆိုကြမယ် ပျော်ကြမယ်
၇း၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ** (အပိုင်း-၈)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၂၃)
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာ ဘာဝနာပွားများခြင်းတရားတော်
၂၁။ အစီအစဉ်ပြီး၏။

မြို့ရှောင်လမ်း ကတ္တရာခင်း

ကန့်ဘလူ ဖေဖော်ဝါရီ ၁

ကန့်ဘလူမြို့နှင့် လိတ္တူကျေးရွာ ဆက်သွယ်သည့် မြို့ရှောင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းဆွေအောင်တို့က ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အီရတ် ပြည်နယ်ရွေးကောက်ပွဲများကျင်းပနိုင်မှု အမေရိကန်သမ္မတအိုဘားမား ကြိုဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၁

အီရတ်နိုင်ငံတစ်ဝန်း ပြည်နယ်ရွေးကောက်ပွဲများကို ယေဘုယျအားဖြင့် ငြိမ်းငြိမ်းချမ်းချမ်း ကျင်းပနိုင်ခြင်းအတွက် အမေရိကန်သမ္မတ အိုဘားမားက ကြိုဆိုလိုက်သည်။

ဤပြည်နယ်ရွေးကောက်ပွဲများမှာ အီရတ်ပြည်သူတို့အတွက် ကိုယ့်ကြမ္မာကို ဖန်တီးနိုင်ရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟုလည်း သမ္မတ အိုဘားမားက ပြောကြားသည်။

အီရတ်ဝန်ကြီးချုပ် မာလီကီက လည်း ဤပြည်နယ်ရွေးကောက်ပွဲများ ချောမွေ့စွာ ပြုလုပ်နိုင်ခြင်းက အီရတ် ပြည်သူများ၏ အောင်ပွဲတစ်ရပ်အဖြစ် ချီးကျူးပြောကြားသည်။

ယခင်ရွေးကောက်ပွဲများကို သပိတ်မှောက်ကြသည့် ရိုးယိုက်ဒေသများတွင် ယခုအခါ မဲဆန္ဒလာရောက်ပေးသူ များပြားသည်ဆို၏။

တိုက်တွန်း

ရွေးချယ်ခံရသည့် ပြည်နယ်ကောင်စီဝင်များအနေဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများကိုရွေးချယ်ပေးပြီး ပြည်သူ့ကိုယ်စားပြုလုပ်ငန်းများကို စတင်လုပ်ဆောင်ကြရန် အမေရိကန်သမ္မတအိုဘားမားက တိုက်တွန်းလိုက်သည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံ မတ်သူရာမြို့တွင် မင်္ဂလာမောင်နှံ ၂၆ တွဲတို့ စုပေါင်းမင်္ဂလာဆောင်ခံပွဲ ကျင်းပနေသည်ကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး ဘဂ္ဂဒက်၌ ပစ်သတ်ခံရ

တီကရစ် ဖေဖော်ဝါရီ ၁

အီရတ်နိုင်ငံ ဆာလာဟူဒင်ပြည်နယ် ဘေဂျီမြို့၌ အီရတ်သူပုန်တစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဇန်နဝါရီ၃၀ရက်က ပစ်သတ်လိုက်ပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရသွားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော်မြောက်ဘက် ကီလိုမီတာ ၂၀၀အကွာ ဘေဂျီမြို့တွင် ဇန်နဝါရီ ၃၀ရက် မွန်းလွဲပိုင်းက ကင်းလှည့်မော်တော်ယာဉ်များပေါ်မှ ဆင်းသက်သည့် အမေရိကန်တပ်ဖွဲ့ဝင်များအား အိုစမာဟာရှင်ဆိုသူ လူငယ်တစ်ဦးက နေအိမ်အတွင်းမှအေကေ-၄၇ရိုင်ဖယ်သေနတ်ယူပြီး ပစ်ခတ်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရသွားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက တုံ့ပြန်ပစ်သည့်အတွက် အိုစမာဟာရှင် သေဆုံးသွားသည်။ ၎င်း၏ နေအိမ်ကို အမေရိကန်တပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းပြီးနောက် ၎င်း၏ညီကို ဖမ်းဆီးသွားသည်ဟု ဆိုသည်။

အမ်အင်န်အေဆင်ဟွာ

အာဖဂန်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၁၄၃ ဦး ရှိသွားပြီဖြစ်

လန်ဒန် ဖေဖော်ဝါရီ ၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် တိုက်ပွဲဖြစ်ပွားစဉ် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၃၀ ရက်၌ ကြေညာသည်။

ဟယ်လ်မန့်ပြည်နယ်၌ အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များနှင့် ပူးတွဲကင်းလှည့်စဉ် တိုက်ပွဲဖြစ်ပွားပြီး အဆိုပါ ဗြိတိသျှတပ်ဖွဲ့ဝင် သေဆုံးသွားခြင်းဖြစ်သည်ဟု ဆိုသည်။

၂၀၀၁ခုနှစ် နှစ်ကုန်ပိုင်းတွင် တာလီဘန်အစိုးရကိုဖြုတ်ချရန် အမေရိကန်ဦးဆောင်သည့်တပ်များ အာဖဂန်နစ္စတန်နိုင်ငံကို ဝင်ရောက်ပြီးနောက်ပိုင်း ယနေ့အထိ အာဖဂန်နစ္စတန်နိုင်ငံ၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ပေါင်း ၁၄၃ ဦးရှိသွားပြီဟု ရိုက်တာသတင်း၌ ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ရိုက်တာ



ရုရှားနိုင်ငံမြောက်ပိုင်း စောင့်ရှောက်ရေးဂေဟာ မီးလောင်မှု ခုနစ်ဦးသေဆုံးပြီး ၁၆ဦး ပျောက်ဆုံးလျက်ရှိ

မော်စကို ဖေဖော်ဝါရီ ၁

ရုရှားနိုင်ငံမြောက်ပိုင်း ကိုမီပြည်နယ်၌ ဇန်နဝါရီ ၃၁ရက်က စောင့်ရှောက်ရေးဂေဟာ မီးလောင်မှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးကာ ၁၆ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း ဒေသတွင်း မီဒီယာများက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ဂေဟာ၌ နေထိုင်သူများအား ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသော်လည်း ၁၆ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း ဒေသတွင်းကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင်၏ ပြောကြားချက်ကို အီတာတက်စ်သတင်းဌာနက ကိုးကားဖော်ပြသည်။

စတင်လောင်ကျွမ်း

မီးလောင်ကျွမ်းမှုမှာ ယင်းနေ့ ညနေ ၆နာရီ မိနစ် ၂၀မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူဦးရေမှာ ၂၅ဦး ထက်မနည်း ရှိနိုင်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

ယင်းမီးလောင်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်နှင့် နောက်ရက်အနည်းငယ်အတွင်း အစီရင်ခံစာတင်ပို့ရန် ရုရှားသမ္မတက အမိန့်ထုတ်ပြန်လိုက်ကြောင်း သမ္မတ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

ညွှန်ကြားထား

ထို့ပြင် မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသူများနှင့် မီးလောင်မှုကြောင့် အိုးအိမ်မဲ့ဖြစ်သွားသူများအား အကူအညီ ပေးရန် ကိုမီပြည်နယ်အကြီးအကဲထံ ရုရှားသမ္မတအနေဖြင့် ညွှန်ကြားထားကြောင်း ယင်းသတင်း၌ ပါရှိသည်။ **(အင်တာနက်)**

တရုတ်အရှေ့ပိုင်း၌ မီးရှူးမီးပန်းကြောင့် ၁၅ဦးသေဆုံး၊ ၁၇ဦးဒဏ်ရာရရှိ

ဖူကျို့ ဖေဖော်ဝါရီ ၁

တရုတ်နိုင်ငံ အရှေ့ပိုင်းဖူကျန်းပြည်နယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ဇန်နဝါရီ ၃၁ရက် ညပိုင်းက မွေးနေ့အထိမ်းအမှတ် မီးရှူးမီးပန်းဖောက်ရာမှ ၁၅ဦးသေဆုံးပြီး ၁၇ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသတွင်း အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

ချန်လီမြို့ရှိ လက်တင်အမေရိကစတိုင်လ်ဖြင့် ဖွင့်ထားသည့်စားသောက်ဆိုင်မှာ ယင်းနေ့ ည၁၁နာရီ ၅၅မိနစ်က မွေးနေ့အထိမ်းအမှတ် စားသောက်ပွဲကျင်းပရာ၌ မီးရှူးမီးပန်းဖောက်ရာ စားသောက်ဆိုင် မျက်နှာကြက်ကို မီးစွဲပြီး မျက်နှာကြက်ပြုတ်ကျကာ မီးခိုးများဖြင့် ပိတ်ဆို့ မွန်းကျပ်ရာမှ သေဆုံးဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဒဏ်ရာရရှိသူများအနက် သုံးဦး၏အခြေအနေမှာ စိုးရိမ်ရဆဲဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ (အင်တာနက်)

နီပေါ၌ တောမီးလောင်ကျွမ်းမှုထိန်းချုပ်နိုင်ခြင်းမရှိသေး

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၁

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ အနောက်တောင်ပိုင်းရှိ ဖူလ်ချိုကီတောင်ကုန်း၌ ဇန်နဝါရီ ၃၀ရက် ညပိုင်းမှစတင်၍ လောင်ကျွမ်းလျက်ရှိသော တောမီးကို ထိန်းချုပ်နိုင်ခြင်းမရှိသေးကြောင်း အမျိုးသားသတင်းဌာန အာအက်စ်အက်စ်က ဇန်နဝါရီ ၃၁ရက်တွင် သတင်းထုတ်ပြန်သည်။

စေလွှတ်

တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နိုင်ရန်အတွက် နီပေါစစ်ဘက်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များကို စေလွှတ်ထားခဲ့ကြောင်း သတင်း၌ ပါရှိသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ ကီနိုဗာမြို့တွင် အင်ဂျင်နှစ်လုံးတပ် လေယာဉ်တစ်စင်း ပျက်ကျခဲ့သည်ကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။

(ယင်းလေယာဉ် ပျက်ကျမှု၌ လေယာဉ်ပေါ်တွင် လိုက်ပါလာသူ ခြောက်ဦးစလုံး သေဆုံးခဲ့ကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

ဆီးနှင်းများထုထပ်

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်၌ ဆီးနှင်းများ ထုထပ်စွာ ကျဆင်းလျက်ရှိသည်ကို ဇန်နဝါရီ၃၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)



ဘရူနိုင်းမှ ဖိလစ်ပိုင်သို့ အိုင်တီထုတ်ကုန်များ တင်ပို့မည်

မနီလာ ဖေဖော်ဝါရီ ၁

ဘရူနိုင်းနိုင်ငံမှ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာထုတ်ကုန်များအား ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့ရေးသဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

ဘရူနိုင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့(ဘီအီးဒီဘီ)နှင့် အခြားဘရူနိုင်း ကုမ္ပဏီသုံးခုတို့မှာ ဖိလစ်ပိုင်အခြေစိုက် ခရစ်စတာ ဆက်သွယ်ရေး ကုမ္ပဏီနှင့် ဇန်နဝါရီ ၃၀ရက်က လက်မှတ် ရေးထိုးခဲ့မှုမှာ ဘရူနိုင်းမှ ဖိလစ်ပိုင်သို့ အိုင်တီထုတ်ကုန်များတင်ပို့မှု၏ လမ်းစသစ်တစ်ခုကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ဘရူနိုင်းသတင်းစာက ရေးသားဖော်ပြသည်။

ယင်းသဘောတူညီမှုများ လက်မှတ်ရေးထိုးမှုမှာ ဖိလစ်ပိုင်နိုင်ငံသို့ ဘရူနိုင်းဘုရင်၏ ဇန်နဝါရီ ၂၉ရက်မှ ၃၁ရက်အတွင်း သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ဖြစ်သည်။

အသင့်ရှိ

ဘရူနိုင်းကုမ္ပဏီများအနေဖြင့် ယင်းတို့၏ ထုတ်ကုန်များအား ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးဈေးကွက်များနှင့် ပြည်သူများအတွင်းသို့ ဖြန့်ဖြူးရန် အသင့်ရှိနေပြီဖြစ်ကြောင်း သတင်း၌ ထပ်လောင်း ပါရှိသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အမြင့်ဆုံး ကြိုးတန်းပေါ် စက်ဘီးစီးပြခဲ့သူ

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ဇန်နဝါရီ ၃၀ ရက်က မြေပြင်မှ အမြင့် ပေ ၆၀ ခန့်တွင် သွယ်တန်းထားသော ကြိုးတန်းပေါ် မှနေ၍ တရုတ်အမျိုးသား တစ်ဦး ကြိုးတန်းပေါ် လမ်းလျှောက်ပြီး နောက်တစ်ဦးက ကြိုးတန်းပေါ်၌ စက်ဘီးစီးပြခဲ့ခြင်းဖြင့် ကမ္ဘာ့အမြင့်ဆုံး ကြိုးတန်းပေါ် စက်ဘီးစီးပြသူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(ဝဲပုံ) (အင်တာနက်ဓာတ်ပုံ)

တူညီဝတ်စုံဖြင့် ကပြပျော်မြူးမှု

သြစတြီးယား နိုင်ငံ ဗီယင်နာမြို့၌ အမျိုးသား အမျိုးသမီးစုံတွဲပေါင်း ၁၀၀ ခန့်က စုပေါင်းပြီး ကပွဲ တစ်ရပ်ကျင်းပခဲ့ရာ ကမ္ဘာ ပေါ်တွင် တူညီဝတ်စုံဖြင့် အခမ်းအနား၌ ကပြသည့် ပထမဆုံး အမျိုးသား အမျိုးသမီးများအဖြစ်မှတ်တမ်း၌ ဖော်ပြသည်။ (ယာပုံ)

(အင်တာနက်ဓာတ်ပုံ)

အာကာသသိပ္ပံ

အီရန်ကလွှတ်တင်မည့် အိုမစ်ဂြိုဟ်တု

အိုမစ်အမည်ရှိ ပြည်တွင်းလုပ် ဂြိုဟ်တုတစ်စင်းကို အီရန်နိုင်ငံကလာမည့် မတ်၂၀ရက်၌ လွှတ်တင်မည်ဖြစ်ကြောင်း အီရန် အာကာသအေဂျင်စီ(အီဆာ)က သတင်းထုတ်ပြန်လိုက်သည်။

အောင်မြင်

အိုမစ်ဂြိုဟ်တုကို အီရန်အာကာသ သိပ္ပံပညာရှင်များက နောက်ဆုံးအဆင့်အနေဖြင့် နည်းပညာများ၊ အစိတ်အပိုင်းများကို အပြီးထည့်သွင်းတပ်ဆင်နေပြီဖြစ်ရာ လုပ်ငန်းများချောမွေ့ အောင်မြင်လျက်ရှိနေသည်။

သတင်းအချက်အလက်

အိုမစ်ဂြိုဟ်တုသည် အာကာသအတွင်း၌ အီရန်နိုင်ငံက ယခင်လွှတ်တင်ထားသော သတင်းဆက်သွယ်ရေးဆိုင်ရာ ဂြိုဟ်တုများနှင့် ချိတ်ဆက်ကာ သတင်းအချက်အလက်များကို ပိုမိုလျင်မြန်သွက်လက်စေရန်ဆောင်ရွက်သွားမည်ဖြစ်သည်။

လွှတ်တင်ခဲ့

အီရန်နိုင်ငံက ပြီးခဲ့သည့် နိုဝင်ဘာလက ကာဗို-၂ ဂြိုဟ်တုနှင့် ပြီးခဲ့သည့်နှစ် ဩဂုတ်ကလည်း ဆာဖီရာအမည်ရှိ ဂြိုဟ်တုတို့ကို လွှတ်တင်ခဲ့သည်။ အီရန်သည် လာမည့် ၂၀၁၀ ပြည့်နှစ်၌ ဂြိုဟ်တုများ ပိုမိုလွှတ်တင်မည်ဖြစ်ပြီး သဘာဝဘေး အန္တရာယ်ဆိုင်ရာ သတင်းဓာတ်ပုံများကို ထုတ်ပြန်ပေးနိုင်ရန် စီစဉ်ထားသည်။

(အင်တာနက်)

မုန့်ဖိုးပေးလိုက်ပုံက ....

ဘဝအမောပြေ

အိမ်ထောင်ရှင်အမျိုးသားတစ်ဦးက ၎င်း၏ယာဉ်မောင်းအားခေါ်ပြီး မှာကြားလေသည်။

အမျိုးသား ။ ။ ဒွန်…ဘူတာရုံသွားပါ။
ယာဉ်မောင်း။ ။ ဟုတ်ကဲ့။
အမျိုးသား ။ ။ မွန်းတည့် ၁၂ နာရီမှာ ငါ့ယောက္ခမကြီးစီးလာတဲ့ရထား ဘူတာကိုရောက်မယ်။
ယာဉ်မောင်း။ ။ ဟုတ်ကဲ့…အခုပဲသွားကြိုလိုက်ပါ့မယ်။
အမျိုးသား ။ ။ ကောင်းပြီ… ရော့ ဒေါ်လာ ၅၀ ကော်ဖီနဲ့မုန့်စားဖို့ ယူသွား။
ယာဉ်မောင်း။ ။ တကယ်လို့…ယောက္ခမကြီး ရထားနဲ့ပါမလာခဲ့ရင်ကော ဆရာ… ဘယ်လိုလုပ်ရမလဲခင်ဗျာ။
အမျိုးသား ။ ။ အိမ်ကိုအမြန်ဆုံးရောက်အောင်မောင်းခဲ့… မင်းကို ဒေါ်လာ ၂၀၀ မုန့်ဖိုးထပ်ပေးမယ်။
ယာဉ်မောင်း။ ။ 'ဗျာ'

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ပြင်သစ်နိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ပြောင်းစေ့ငုရသော...

သတင်းအက်ဆေး

ပြင်သစ်နိုင်ငံသည် ဥရောပအနောက်ပိုင်းတွင် တည်ရှိသည်။ ဥရောပနိုင်ငံရေး၏ အချက်အချာနေရာတွင်ရှိသော ပြင်သစ်နိုင်ငံသည် ကမ္ဘာ့ဇာတ်ခုံ၌ အထင်ကရ အခန်းကဏ္ဍမှ ပါဝင်ကပြသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဤနိုင်ငံသည် ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်ပွားစဉ် ကာလက စီးပွားရေးပျက်ပြားမှုအရရော၊ လူအသေအပျောက်များပြားမှုအရရော မတန်တဆ ဆုံးရှုံးနစ်နာခဲ့သည့် နိုင်ငံလည်းဖြစ်သည်။

လွှတ်လပ်ရေး

နှောင်းပိုင်းနှစ်များတွင် ပဋိပက္ခများနှင့် အချိန်ရှည်ကြာစွာ ရင်ဆိုင်ခံရပြန်သည်။ ထိုပဋိပက္ခများမှာ အဆုံးတွင် အယ်လ်ဂျီးရီးယားနှင့် အာဖရိကတိုက်မှ အခြားသော ပြင်သစ်ကိုလိုနီများ၊ အရှေ့တောင်အာရှမှ ပြင်သစ်ကိုလိုနီများ လွှတ်လပ်ရေး ရရှိကုန်ကြသည်။

ကြိုးပမ်း

ဒုတိယကမ္ဘာစစ်ကြီးအတွင်း အကြီးအကျယ် ပျက်သုဉ်းခဲ့ရပြီးနောက် ဥရောပတိုက်ကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းစဉ် ဤနိုင်ငံသည် ဥရောပပေါင်းစည်းရေးကို တည်ထောင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အနိုင်ရ

ပြင်သစ်နိုင်ငံ၏ လက်ရှိသမ္မတမှာ နီကိုလပ်ဆာကိုဇီ ဖြစ်သည်။ ၂၀၀၇ခုနှစ် မေလ သမ္မတရွေးကောက်ပွဲ၌ အနိုင်ရဗိုလ်စွဲခဲ့သူဖြစ်သည်။

ဤနိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ပြောင်းဖော်ပြရသော် ၁၇၈၉ခုနှစ် ပြင်သစ်တော်လှန်ရေးက ဤနိုင်ငံ၌ ဇရာစုနှစ်ခန့်က စတင်ခဲ့သည့် ဘုရင်စနစ်ကို ချုပ်ငြိမ်းသွားစေခဲ့သည်။ ပြင်သစ်သမ္မတနိုင်ငံကို စတင်ထူထောင်သည်။ ၁၇၉၉ခုနှစ်တွင် နပိုလီယန်ဘိုနာပတ်က အစိုးရကိုဖြုတ်ချ အာဏာသိမ်းပြီး ၁၈၀၄-၁၈၁၄ခုနှစ်တို့တွင် ပထမပြင်သစ် အင်ပါယာ၏ ဘုရင်ဧကရာဇ်အဖြစ် ခံယူကြေညာသည်။ ဥရောပနယ်ပယ် အများအပြားကိုလည်း စစ်ပြုသိမ်းပိုက်သည်။ ၁၈၁၅ခုနှစ်တွင် နပိုလီယန် ဝါတာလူးစစ်ပွဲ၌ အရေးနိမ့်သွားသည်။ ဘုရင်စနစ် ပြန်လည်ထူထောင်ခဲ့သည်။

သမ္မတဖြစ်လာ

၁၈၄၈ခုနှစ်တွင် လူဝီဖိလစ်ကျဆုံးပြီး နပိုလီယန်ဘိုနာပတ်၏တူ လူဝီနပိုလီယန် တက်လာပြီး ဒုတိယသမ္မတနိုင်ငံ၏ သမ္မတဖြစ်လာသည်။ ၁၈၅၂-၁၈၇၀ခုနှစ်တို့တွင် လူဝီနပိုလီယန်က ဒုတိယပြင်သစ်အင်ပါယာ၏ဧကရာဇ် တတိယမြောက် နပိုလီယန်ဘွဲ့ ခံယူလိုက်သည်။ ၁၈၇၀-၇၁ခုနှစ်တွင် ပြင်သစ်-ပရပ်ရှားစစ်ဖြစ်သည်။ ပြင်သစ် အရေးနိမ့်ပြီး ဒုတိယပြင်သစ်အင်ပါယာကြီး နိဂုံးချုပ်သွားသည်။ တတိယသမ္မတနိုင်ငံ ထူထောင်သည်။

ပြည်သူ့တပ်ဦး

၁၈၇၇ခုနှစ်တွင် ရွေးကောက်ပွဲ၌ သမ္မတစနစ်လိုလားသူများ အနိုင်ရသည်။ ၁၉၁၄-၁၈ခုနှစ် ပထမကမ္ဘာစစ်ကြီးတွင် ပြင်သစ်ပြည်သူ ၁ဒသမ၃သန်း သေဆုံးပြီး အများအပြားဒဏ်ရာရခဲ့သည်။ ၁၉၃၆-၃၈ခုနှစ်တွင် လက်ဝဲအုပ်စု မဟာမိတ်ဖြစ်သည့် ပြည်သူ့တပ်ဦးအဖွဲ့ ပေါ်ပေါက်လာသည်။

၁၉၃၉-၄၅ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ဂျာမန်တို့၏ သိမ်းပိုက်မှုခံရသည်။ ဗိုလ်ချုပ်ကြီးဒီဂေါက လန်ဒန်၌ အဝေးရောက်အစိုးရဖွဲ့စည်းသည်။ ပြင်သစ်ခုခံရေးလှုပ်ရှားမှု ခေါင်းထောင်လာသည်။

ယာယီအစိုးရဖွဲ့

၁၉၄၄ခုနှစ်တွင် ပြင်သစ်နော်မန်ဒီကမ်းခြေကို မဟာမိတ်တို့တက်ရောက်ပြီးနောက် ပြင်သစ်နိုင်ငံ လွတ်မြောက်သွားသည်။ ဒီဂေါက ယာယီအစိုးရဖွဲ့စည်းသည်။

၁၉၅၄ခုနှစ်တွင် ပထမ အင်ဒိုချိုင်းနား စစ်ပွဲပြီးဆုံးသည်။ ပြင်သစ်တို့ ဗီယက်နမ်နိုင်ငံ ဒင်ဘင်ဖူးစစ်ပွဲ၌ အရေးနိမ့်သွားသည်။ အယ်လ်ဂျီးရီးယား လွတ်လပ်ရေးစစ်ပွဲ စတင်သည်။

၁၉၅၈ခုနှစ်တွင် ဒီဂေါ်အာဏာပြန်ရလာပြီး ပဉ္စမသမ္မတနိုင်ငံထူထောင်သည်။ ၁၉၆၉ခုနှစ်တွင် ဒီဂေါ် ရာထူးမှနုတ်ထွက်သဖြင့် ဂျော့ပွန်ပီဒိုးသမ္မတ အဖြစ်ရွေးချယ်ခံရသည်။ ၁၉၇၀ပြည့်နှစ်တွင် ဒီဂေါ်ကွယ်လွန်သည်။ ၁၉၇၄ ခုနှစ်တွင် ပွန်ပီဒိုးကွယ်လွန်သဖြင့် ဂစ္စကတ်ဒက်စတိုင်း ရာထူးဆက်ခံသည်။ ၁၉၈၁ခုနှစ်တွင် ဆိုရှယ်လစ်ကိုယ်စားလှယ် ဖရန်စွာမီးတရောင်း သမ္မတအဖြစ် အရွေးခံရသည်။ ၁၉၈၈ခုနှစ်၌ ပြန်လည်အရွေးခံရပြန်သည်။

၁၉၉၅ခုနှစ်တွင် ဂျက်ရှီရက်သမ္မတအဖြစ် အရွေးချယ်ခံရသည်။ ၂၀၀၂ ခုနှစ်တွင် ပြန်လည်ရွေးချယ်ခံခဲ့ရသည်။

ပစိဖိတ်သမုဒ္ဒရာတွင် ပြင်သစ်က နျူကလီးယားစမ်းသပ်မှုများ လုပ်ဆောင်သည့်အတွက် နိုင်ငံတကာ၏ ပြစ်တင်ရှုတ်ချမှုခံရသည်။ ၂၀၀၁ခုနှစ် ဇွန်လတွင် စစ်မှုမထမ်းမနေရ ပြဋ္ဌာန်းထားမှုကို ဖျက်သိမ်းလိုက်သည်။

၂၀၀၃ခုနှစ် ဩဂုတ်လ ပထမလဝက်အတွင်း အပူလှိုင်းကြောင့် လူ ၁၁၀၀၀ ကျော် သေဆုံးခဲ့သည်။ အများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြသည်။

၂၀၀၇ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဟောင်းနှင့် အာဏာရ ယူအမ်ပီပါတီ ခေါင်းဆောင် နီကိုလပ်ဆာကိုဇီသည် ဒုတိယအကြိမ်ပြန်ရွေးသည့် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရကာ သမ္မတဖြစ်လာသည်။ ။

ဥရောပနိုင်ငံရေး၏ အချက်အချာနေရာတွင်ရှိသော ပြင်သစ်နိုင်ငံသည် ကမ္ဘာ့ဇာတ်ခုံ၌ အထင်ကရ အခန်းကဏ္ဍမှ ပါဝင်ကပြသည့် နိုင်ငံတစ်နိုင်ငံဖြစ်။ ဤနိုင်ငံသည် ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်ပွားစဉ်ကာလက စီးပွားရေးပျက်ပြားမှုအရရော၊ လူအသေအပျောက်များပြားမှုအရရော မတန်တဆ ဆုံးရှုံးနစ်နာခဲ့သည့် နိုင်ငံလည်းဖြစ်။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ကြာအင်းဆိပ်ကြီးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းလိုက်ပါလျက် ဇန်နဝါရီ ၂၃ရက်က ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ လူနာဆောင်၊ သားဖွားခန်း၊ ခွဲစိတ်ခန်းများ၊ ဆေးရုံဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးသည် ကြာအင်းဆိပ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း သင်ထောက်ကူခန်းမ၊ ကွန်ပျူတာခန်းမများ၌ ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှု၊ စာသင်ဆောင်များ ပြုပြင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် တိုင်းမှူးသည် ကြာအင်းဆိပ်ကြီးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာ ဥက္ကဋ္ဌများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ဆက်လက်၍ တိုင်းမှူးသည် ဇမိမြစ် အနောက်ဘက်ကမ်း တံတား တည်ဆောက်မည့် မြေနေရာနှင့် ကြာအင်းဆိပ်ကြီးမှ ဖားတကယ်-တံခွန်တိုင် လမ်းအူကြောင်း ဖောက်လုပ်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ကြာအင်းဆိပ်ကြီး တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံသည်။

ပေးအပ်ချီးမြှင့်

တိုင်းမှူးသည်ဇန်နဝါရီ၂၄ ရက်နံနက်ပိုင်းက ကြာအင်းဆိပ်ကြီး-ချောင်းနှစ်ခွလမ်း တံတားအမှတ်(၂/၇)ဒါလီချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး တပ်နယ်အားကစားခန်းမ၌ကျင်းပသည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကာ ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် မြန်မာ့အသံ

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

(၃-၂-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၁၅	တရားတော်(အင်္ဂုလိမာလသုတ်-ဗောဇ္ဈင်္ဂသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင်(အမွေ)
၈း၄၅	တေးပဒေသာ
၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (ထမနဲထိုးကြမယ်)
၁၁း၅၅	တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	(Talk on Line) (ရှင်ဖုန်း)
၁၁း၃၅	တေးပဒေသာ
၁၁း၄၅	သိပ္ပံပညာသိကောင်းစရာ
၁၂း၀၀	စံတော်ချိန်
၁၂း၃၀	အလုပ်အကိုင်အခွင့်အလမ်း (စာရင်းစစ်)
၁၂း၄၀	ပြိုးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	ပညာရေးအစီအစဉ် (အငှမတန်း သမိုင်း)
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး (လူနှင့်လောကစံ)
၁၆း၃၀	၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (သင်္ချာ)
၁၇း၀၀	မေတို့တွက်တာ အလှကမ္ဘာ (အိမ်တွင်းအလှပြင်နည်းသုံးမျိုး)
၁၇း၁၀	တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ညနေခင်း တေးပဒေသာ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ သိပ္ပံမောင်ဝ၏ ဘဝနှင့်စာပေ (တက္ကသိုလ်စိန်တင်) တေးပဒေသာ
၁၈း၄၀	နိုင်ငံတကာသတင်း
၁၉း၀၅	ဇာတ်လမ်းပမာနားဆင်စရာ (ကျွန်တော် မင်းသမီးယောက်ျား)
၁၉း၁၀	တေးပဒေသာ နိုင်ငံရေးဦးတည်ချက် ပြိုးပဒေသာ
၁၉း၃၀	တေးပဒေသာ
၁၉း၄၀	ပြည်တွင်းသတင်း
၂၀း၁၀	တေးစီးရီး(Master love song) (တေးသံရှင် အစုံ)
၂၀း၁၀	စီးပွားရေးဦးတည်ချက် ခံစားနားဆင် တေးဂန္ထဝင်
၂၀း၄၀	ချမ်းမြေ့သာယာသီရိဂေဟာ (အကယ်ဒမီ မင်းမော်ကွန်းနဲ့ ချစ်ဇနီး သဉ္ဇာလှိုင်)
၂၁း၀၀	လူမှုရေးဦးတည်ချက်
၂၁း၂၀	သူ့ခေတ်သူ့ခါတေးကမ္ဘာ
၂၂း၀၀	အစီအစဉ်ပြီး၏။

ခြင်ဆေးသုံးလျှင်

သတိယှဉ်

အောက်တွင်ခံခွက်

မမေ့နှင့်

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း

ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁

နေပြည်တော်ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၃၁ရက် မွန်းလွဲ ၂နာရီက အဆိုပါကျောင်းရှိ ရတနာမွန်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အာစရိယပူဇော်ပွဲသို့ မိဘဆရာအသင်း အကျိုးဆောင် နာယကဟောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ကျောင်းသားဟောင်း ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ ကန်တော့ခံ အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ကျောင်းသားဟောင်း ဦးနီနီမောင်က အာစရိယပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးတို့က အမှာစကားပြောကြားကြပြီး အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီထံ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆုံးမစကားပြောကြား

ယင်းနောက် ကန်တော့ခံ အငြိမ်းစား ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ချိုးဖြင့် ကန်တော့ကြပြီး ကန်တော့ခံ အငြိမ်းစား ဆရာကြီး ဦးသိန်းလွင်နှင့် ဆရာမကြီး ဒေါ်မူမူမြင့်တို့က ဆုံးမစကားပြောကြားကြသည်။

ဆေးဝါးပစ္စည်း

ထို့နောက် ကန်တော့ခံ အငြိမ်းစား ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ငွေနှင့် ဆေးဝါးပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျင်းပ

နေပြည်တော်ပျဉ်းမနား အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယ အကြိမ် အာစရိယ ပူဇော်ပွဲကို ရတနာမွန်ခန်းမ၌ကျင်းပစဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် နွားမယံစံပြကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မြို့နယ်ဘက်စုံ ထူးချွန်ဆုရှင်ဂုဏ်ပြုပွဲနှင့် ဘက်စုံပညာထူးချွန်ဆုနှင်းသဘင် ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်က အဆိုပါ ကျောင်းခန်းမ၌ကျင်းပရာ သတင်းစာဖတ်ပြိုင်ပွဲတွင် ဆုရရှိသော ပထမတန်းမှ မောင်စွမ်းပြည့်စုံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လွဲ့လွဲ့ဝင်းက ဆုချီးမြှင့်စဉ်။ (၀၅၈)

ဇန်နဝါရီ ၂၅ ရက်က မြောက်ဥက္ကလာပ အမက(၈)တွင် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၌ ခရိုင်အဆင့် အင်္ဂလိပ်ဘာသာဖြင့် ကျပန်းစကားပြောပြိုင်ပွဲ တတိယဆုနှင့် ကျောင်းတွင်းဘက်စုံ ထူးချွန်ဆုများရရှိသော စတုတ္ထတန်းမှ မမေသက်ခိုင်အား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဘတင့်ဆွေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မူတို့က ဆုချီးမြှင့်စဉ်။ (၁၁၈)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့် အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၁ရက် ညနေ ၃နာရီခွဲက တာမွေမြို့နယ် လေးထောင့်ကန်လမ်းမပေါ်ရှိ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရုံးချုပ်)အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် တက္ကသိုလ်ကောလိပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ် ကြို/ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာကိစ္စရပ်များ စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှုအားပေး

ယင်းနောက်တိုင်းမှူး၊ မြို့တော်ဝန်နှင့်အဖွဲ့သည် ဇန်နဝါရီ ၃၁ရက် နံနက် ၉နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် စံပြဆေးရုံလမ်းကတ္တရာလမ်းသစ်သို့ရောက်ရှိ၍ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများကလမ်းသစ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး လမ်းသစ်ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကာ လမ်းသစ်ကိုလှည့်လည်ကြည့်ရှုအားပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုမှတစ်ဆင့် တိုင်းမှူး၊ မြို့တော်ဝန်နှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် (၂) လမ်းနှင့် စိန်ပန်းမြိုင်ကတ္တရာလမ်းသစ်သို့ တက်ရောက်၍ လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းသစ်ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း၍ လမ်းသစ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍တိုင်းမှူးသည်ကမာရွတ်မြို့နယ် ဟံသာရိပ်မွန်အိမ်ရာသို့ရောက်ရှိရာ တာဝန်ရှိသူများက ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က လိုအပ်ချက်များ ဖြည့်စွက်မှာကြား၍ အိမ်ရာအတွင်း ရေဝပ်မှုမရှိစေရေး၊ ရေစီးရေလာ ကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ထို့နောက် တိုင်းမှူးသည် ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ရန်ကုန်တိုင်းအတွင်း လမ်းနှင့်တံတားလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

အခြေအနေ

ယင်းနောက် တာဝန်ရှိသူတို့က တိုင်းအတွင်း စီမံကိန်းဝင်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများနှင့် တံတားဆိုင်ရာ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များမှာကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှည်းဆိပ်ကျေးရွာ အမက ကျောင်းဆောင်သစ်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ကျိုက်လတ်မြို့နယ်လှည်းဆိပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (ဟိုတယ်/ခရီး)

အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲများ
ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဇန်နဝါရီ ၂၆ရက် မွန်းလွဲပိုင်းက ဖျာပုံမြို့နယ် သမိန်ထော သိမ်ကုန်း(၂)ကျေးရွာတွင် အလှူရှင် ဒေါ်သန်းသန်းလေး (China Air Line)မိသားစုက လှူဒါန်းသော အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲသို့တက်ရောက်၍ ဝန်ကြီး၊ အလှူရှင်နှင့် တိုင်းပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူရှင် ဒေါ်သန်းသန်းလေးက ကျောင်းသုံး ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီးသည် ဖျာပုံမြို့နယ် သမိန်ထောသိမ်ကုန်း (၁)ကျေးရွာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ၌ ဝန်ကြီး၊ အလှူရှင်နှင့် တိုင်းပညာရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး သမိန်ထောသိမ်ကုန်း(၁)၊ သိမ်ကုန်း(၂)နှင့် ဒေးဒရဲစွယ်တော်ကုန်း အခြေခံပညာမူလတန်းကျောင်းများ၏ ကျောင်းဆောင်သစ်များနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အလှူရှင် ဒေါ်သန်းသန်းလေးက မြို့နယ်ပညာရေးမှူးထံပေးအပ်ပြီး ကျောင်းဆောင် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးက အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် စားသောက်ဖွယ်ရာနှင့် မုန့်မျိုးစုံတို့ကို ပေးအပ်သည်။

လွှဲပြောင်းပေးအပ်

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဖျာပုံမြို့နယ် သမိန်ထောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ ဝန်ကြီး၊ အလှူရှင် ဦးမောင်မောင်(Asia Express) နှင့် တိုင်းပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူရှင်က ကျောင်းဆောင်သစ်ဆိုင်ရာ စာရွက်စာတမ်းများကို တိုင်းပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ ဝန်ကြီး၊ အလှူရှင် ဒေါ်သန်းသန်းလေးနှင့် တိုင်းပညာရေးမှူးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးအလှူရှင်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာကျောင်းဆောင်သစ်ဆိုင်ရာ စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပတ်ဝန်းကျင်သန့်ရှင်းရေး အလုပ်ရုံဆွေးနွေး

ကျန်းမာရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြို့နယ်အဆင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်ချက်များ ပြန်လည်ဆန်းစစ်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၁၄ရက်က ကော့မှူးမြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်အေးက အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ၈ရက်က ၂၀၀၈-၂၀၀၉ ပညာသင်နှစ်ပညာရေးစုံညီပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖျာပုံမြို့ အထက(၁) အောင်မြင်ခန်းမ၌ ကျင်းပရာ ဖျာပုံမြို့နယ် လက်ထောက်ပညာရေးမှူး ဦးတိုးဝင်းက ဘက်စုံထူးချွန်ပြိုင်ပွဲတွင်ပထမဆုရ အလက(၁)ဖျာပုံမှ စတုတ္ထတန်းကျောင်းသူမယဉ်မျိုးမြတ်ဦးအား ဆုချီးမြှင့်စဉ်။ (၁၃၈)

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

မူလတန်းကြိုကျောင်းမှ ကလေးငယ်များ ကာယ၊ဉာဏ စွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်

ဟင်္သာတ ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်း ဟင်္သာတခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ခရိုင်အတွင်းရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်းများမှ ကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ရက် နံနက် ၉နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဟင်္သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်က အမှာစကားပြောကြားပြီး ဧရာဝတီတိုင်း လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းဝင်းက ပြိုင်ပွဲစည်းကမ်းနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

စွမ်းရည်ယှဉ်ပြိုင်

ယင်းနောက် မူလတန်းကြိုကျောင်း ကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်းနှင့် အင်္ဂပူမြို့နယ်များမှ မူလတန်းကြိုကလေးငယ် စုစုပေါင်း ၇၃ဦးတို့က ဉာဏစွမ်းရည်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်

ဆက်လက်၍ ပြိုင်ပွဲအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် ကလေးငယ်များအား တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဆုပစ္စည်းများကို အသီးသီး ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု အထောက်အကူပြုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေး နှီးနှောဖလှယ်

နေပြည်တော် ဖေဖော်ဝါရီ ၁

သမဝါယမဝန်ကြီးဌာန ဝန်ကြီး၏ ကြီးကြပ်မှုဖြင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက စီစဉ်ကျင်းပသည့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (One Village One Product)အထောက်အကူပြု နှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၃၀ရက် နံနက် ၉နာရီခွဲက နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန ဝန်ကြီးရုံး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စာတမ်းရှင်၁၁ဦးတို့က ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု အထောက်အကူပြုလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ရေးနှင့် စပ်လျဉ်းသည့် စာတမ်း၁၁စောင်ကို ဖတ်ကြားတင်သွင်းကြရာ သမဝါယမဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးကြပြီး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ နှီးနှောဖလှယ်ပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲ မင်္ဂလာတောင်ညွန့် အလက(၁)၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် အလက(၁)တွင် ဇန်နဝါရီ ၂၆ရက် မွန်းလွဲ၁နာရီက ကျင်းပသည်။

ဟောပြော

အဆိုပါဟောပြောပွဲတွင် မင်္ဂလာတောင်ညွန့် အလက (၁) ကျောင်းအုပ်ဆရာကြီး ဦးရဲတင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က ပြည်ထောင်စုနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ၂၀၀၉ခုနှစ် ပြည်ထောင်စုနေ့ ဦးတည်ချက်များကို ရှင်းလင်းဟောပြောသည်။ **(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)**

2-2 (07).pmd 1 2/2/2009, 2:06 AM

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ပို့ဆောင်ရေးအသင်းဗိုလ်စွဲ ပြည်ထဲရေးအသင်း၏ လေးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ရေး အိပ်မက်ပျက်ပြယ်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင်   စာမျက်နှာဖွဲ့စည်းမှု-အေးကြည်(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁

၂၀၀၈-၂၀၀၉ခုနှစ် အဋ္ဌမအကြိမ်မြောက်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီက အောင်ဆန်းကွင်း၌ကျင်းပရာ ပို့ဆောင်ရေးအသင်းက လက်ရှိချန်ပီယံ ပြည်ထဲရေး အသင်းကို ၁-၀ဖြင့် အနိုင်ရဗိုလ်စွဲသွားပါတယ်။

ပို့ဆောင်ရေးအသင်း-တစ်ဂိုး - ပြည်ထဲရေးအသင်း-ဂိုးမရှိ

ပို့ဆောင်ရေးအသင်းဟာ မိုးမိုးထွေးရဲ့ တစ်လုံးတည်းသော အနိုင်ဂိုးနဲ့ ချန်ပီယံဆုဖလားကို လေးနှစ်အကြာမှာ ပြန်လည်ဆွတ်ခူး ရယူနိုင်ခဲ့ပါတယ်။ ပို့ဆောင်ရေးအသင်းဟာ ၂၀၀၄ခုနှစ် စတုတ္ထအကြိမ်ပြိုင်ပွဲမှာ ဗိုလ်စွဲပြီး နောက်ပိုင်း သုံးနှစ်ဆက်တိုက် ဒုတိယဆုနှင့် ကျေနပ်ခဲ့ရာမှာ ပြန်လည်အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ပြည်ထဲရေးအသင်းကတော့ လက်ရှိချန်ပီယံဘွဲ့ကို စွန့်လွှတ်ခဲ့ရုံသာမက လေးနှစ်ဆက်တိုက် ချန်ပီယံဖြစ်နိုင်မယ့် အခွင့်အရေးကိုပါ လက်လွှတ်ဆုံးရှုံးခဲ့ရပါတယ်။

လေးကြိမ်မြောက်ဆွတ်ခူး

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးအလွတ်တန်း ဘောလုံးပြိုင်ပွဲကို ၂၀၀၁ ခုနှစ်မှစ၍ ကျင်းပခဲ့တာဖြစ်ပြီး ခုနစ်ကြိမ်မှာတော့ ပို့ဆောင်ရေးနဲ့ ပြည်ထဲရေး အသင်းတို့က သုံးကြိမ်စီဗိုလ်စွဲထားပြီး မြို့တော်စည်ပင်က တစ်ကြိမ်ဗိုလ်စွဲထားခဲ့ပါတယ်။ ဒါကြောင့် အခုဗိုလ်လုပွဲဟာ သုံးကြိမ်စီ ဗိုလ်စွဲထားတဲ့ ပြည်ထဲရေးနဲ့ ပို့ဆောင်ရေးအသင်းကို ဘယ်အသင်း အအောင်မြင်ဆုံး ဖြစ်မလဲဆိုတာ အဆုံးအဖြတ်ပေးတဲ့ပွဲ ဖြစ်ခဲ့ပါတယ်။ ပွဲအစပိုင်းမှာရရှိတဲ့ တစ်လုံးတည်းသော အနိုင်ဂိုးနဲ့ ဗိုလ်စွဲခဲ့တဲ့ ပို့ဆောင်ရေးအသင်းကတော့ ပြိုင်ပွဲတစ်လျှောက် ချန်ပီယံဆုကို လေးကြိမ်မြောက် ဆွတ်ခူးနိုင်သော အသင်းအဖြစ် မှတ်တမ်းဝင်နိုင်ခဲ့ပါတယ်။

အသင်းအားပိုကောင်း

အဋ္ဌမအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲကို နှစ်ကျော့စနစ်နဲ့ ကျင်းပခဲ့တာဖြစ်ပြီး ပထမအကျော့ပွဲစဉ်များကို ဒီဇင်ဘာ ၂၂ရက်မှ ဇန်နဝါရီ ၉ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို ဇန်နဝါရီ၁၂ရက်မှ ၂၈ရက်အထိ ကျင်းပခဲ့ပါတယ်။ နှစ်ကျော့အပြီးမှာ ၁၀ပွဲကစား ၂၆မှတ်ရရှိတဲ့ ပြည်ထဲရေးအသင်းနဲ့ ၁၀ပွဲကစား ၂၁မှတ်ရရှိတဲ့ ပို့ဆောင်ရေးအသင်းတို့ ဗိုလ်လုပွဲကစားခဲ့ရတာဖြစ်ပါတယ်။ အုပ်စုတွင်း တွေ့ဆုံမှုအရပထမအကျော့မှာ နှစ်ဂိုးစီသရေကျခဲ့ပြီး ဒုတိယအကျော့မှာ အရန်ကစားသမားတွေထုတ်ကစားတဲ့ ပို့ဆောင်ရေးက သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ ၂၀၀၅၊ ၂၀၀၆နဲ့ ၂၀၀၇ခုနှစ် သုံးနှစ်ဆက်တိုက် ဗိုလ်လုပွဲမှာ ပြည်ထဲရေးကိုရှုံးနိမ့်ပြီး ဒုတိယနေရာနဲ့ကျေနပ်ခဲ့ရတဲ့ ပို့ဆောင်ရေးအသင်းဟာ အခုပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်ဖို့ အသေအချာ ပြင်ဆင်လာခဲ့ပြီး နယ်စပ်/ စည်ပင်က မိုင်နီလာထွေးနဲ့ လယ်ယာ/ဆည်မြောင်းက စန်းစန်းသိန်း ပါဝင်လာတာကြောင့်လည်း အသင်းအားပိုကောင်းကာ ဗိုလ်စွဲနိုင်ခဲ့တာဖြစ်ပါတယ်။

အခုဗိုလ်လုပွဲဟာ လက်ရွေးစင်ကစားသမားတွေ အားပြိုင်တဲ့ပွဲလို့လည်း ပြောလို့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်သင်းစလုံးမှာ လက်ရှိလက်ရွေးစင်တွေ လက်ရွေးစင်ဟောင်း ကစားသမားတွေ ပါဝင်နေလို့ပဲ ဖြစ်ပါတယ်။ ပို့ဆောင်ရေးအသင်းမှာ သန်းသန်းထွေး၊ အေးနန္ဒာလှိုင်၊ မိုးမိုးဝါ၊ စန်းစန်းသိန်း၊ စန်းယုနိုင်၊ ဇင်မာဝမ်း၊ မိုင်နီလာထွေးအစရှိတဲ့ ကစားသမားတွေပါဝင်ခဲ့သလို၊ ပြည်ထဲရေးအသင်းမှာလည်း စန်းစန်းကြူ၊ စန်းစန်းမော်၊ မေခင်ယမင်း(ဂိုး)၊ သူဇာထွေး၊ ခင်မိုးဝေနဲ့ စုစုဝေတို့ ပါဝင်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ပထမဆုရ ပို့ဆောင်ရေးအသင်းအား တံခွန်စိုက်ဆုဖလားချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အနိုင်ရဗိုလ်စွဲ

ပွဲအစ လေးမိနစ်မှာပဲ မိုးမိုးထွေး ညာတောင်ပံမှ ဆွဲပြေးပြီး ထောင့်ကနေကန်သွင်းရာ ဂိုးထဲတိုက်ရိုက်ဝင်သွားခဲ့လို့ ပို့ဆောင်ရေးအသင်း အနိုင်ဂိုးကို စောစောစီးစီး ရရှိခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာလည်း ပို့ဆောင်ရေးအသင်းက ခြေအသာနဲ့ ဖိကစားနိုင်ခဲ့ပါတယ်။ သူဇာထွေး၊ နွယ်နွယ်တိုး၊ နီလာမြင့်နဲ့ စုစုဝေတို့ရဲ့ ပြည်ထဲရေးအသင်း အလယ်တန်းဟာ ရှေ့တန်းကို ထိရောက်တဲ့ ပံ့ပိုးမှုတွေ မပေးနိုင်တာကြောင့် ဂိုးသွင်းခွင့်တွေ မရခဲ့ပါဘူး။ အလယ်တန်းက သန်းသန်းထွေး၊ အေးနန္ဒာလှိုင်၊ စန်းယုနိုင်၊ ရှေ့တန်းမှ ဇင်မာဝမ်းနဲ့ မိုင်နီလာထွေးတို့ရဲ့ တိုက်စစ်အားဟာ စန်းစန်းမော်ဦးဆောင်တဲ့ ပြည်ထဲရေး နောက်တန်းကို အကြိမ်ကြိမ် ခြိမ်းခြောက် နိုင်ခဲ့ပါတယ်။ အလယ်တန်းက ပံ့ပိုးမှုအားနည်းလို့ ပြည်ထဲရေးရှေ့တန်းက ခင်မိုးဝေနဲ့ စန်းစန်းကြူတို့ တိုက်စစ်မှာ အလုပ်မဖြစ်ခဲ့ပါဘူး။ ဒါ့အပြင် မိုးမိုးဝါ ဦးဆောင်တဲ့ ပို့ဆောင်ရေးအသင်း နောက်တန်းက ခံစစ်ကစားပုံကောင်းတာကြောင့်လည်း ပွဲအစမှာ ရတဲ့ဂိုးနဲ့ ပို့ဆောင်ရေးအသင်း အနိုင်ရဗိုလ်စွဲခဲ့တာ ဖြစ်ပါတယ်။

ချီးမြှင့်

ပြိုင်ပွဲအပြီးမှာ ပထမဆုရခဲ့တဲ့ ပို့ဆောင်ရေးအသင်းက တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလား ကျပ် ၁၀သိန်းနဲ့ တစ်ဦးချင်းဆုတံဆိပ်၊ ဒုတိယဆုရခဲ့တဲ့ ပြည်ထဲရေးအသင်းက တစ်ဦးချင်းဆုတံဆိပ်နဲ့ ကျပ်ခြောက်သိန်း၊ တတိယဆုရ အား/ကာသိပ္ပံ(မန္တလေး)အသင်းက ကျပ်သုံးသိန်းတို့ ရရှိခဲ့ပါတယ်။ ဆုများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နဲ့ အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် (ဘောလုံးအဖွဲ့ချုပ်)တာဝန်ခံ နာယက ဒေါ်မေကြည်စိန်တို့က ချီးမြှင့်ခဲ့ပါတယ်။ ။ **(မြန်မာ့အလင်း)**

လေးကြိမ်မြောက် ချန်ပီယံဆု

အဋ္ဌမ အကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင်လေးကြိမ်မြောက်ချန်ပီယံ ဆုဆွတ်ခူးရရှိခဲ့သော ပို့ဆောင်ရေးအသင်း။ (မြန်မာ့အလင်း)

နှစ်အလိုက်ဗိုလ်စွဲမှုများ

ခုနှစ်	အကြိမ်	ပထမ	ဒုတိယ
၂၀၀၁	ပထမအကြိမ်	ပို့ဆောင်ရေး	မြို့တော်စည်ပင်
၂၀၀၂	ဒုတိယအကြိမ်	မြို့တော်စည်ပင်	ပြည်ထဲရေး
၂၀၀၃	တတိယအကြိမ်	ပို့ဆောင်ရေး	မြို့တော်စည်ပင်
၂၀၀၄	စတုတ္ထအကြိမ်	ပို့ဆောင်ရေး	အား/ကာသိပ္ပံ(မန္တလေး)
၂၀၀၅	ပဉ္စမအကြိမ်	ပြည်ထဲရေး	ပို့ဆောင်ရေး
၂၀၀၆	ဆဋ္ဌမအကြိမ်	ပြည်ထဲရေး	ပို့ဆောင်ရေး
၂၀၀၇	သတ္တမအကြိမ်	ပြည်ထဲရေး	ပို့ဆောင်ရေး
၂၀၀၈-၂၀၀၉	အဋ္ဌမအကြိမ်	ပို့ဆောင်ရေး	ပြည်ထဲရေး

(မြန်မာ့အလင်း)

လီဗာပူးတို့ အိမ်ကွင်းတွင်ပြုံးပန်းလှိုင် နယူးကာဆယ်နှင့်ဆန်းဒါးလန်း တစ်မှတ်စီခွဲယူရ

ဖောင်ပိတ်အားကစားသတင်း-မောင်မောင်မြင့်ဆွေ

လန်ဒန် ဖေဖော်ဝါရီ ၁

ပရီမီယာလိဂ် ပွဲစဉ်(၂၄) လက်ကျန်ပွဲများကို ဖေဖော်ဝါရီ ၁ရက်၌ ဆက်လက်ယှဉ်ပြိုင်ရာ လီဗာပူးနှင့် ချယ်လ်ဆီးတို့ပွဲတွင် လီဗာပူးက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိသွားခဲ့ပြီး နယူးကာဆယ်နှင့် ဆန်းဒါးလန်းတို့ တစ်မှတ်စီ ခွဲယူခဲ့ကြရသည်။

လီဗာပူးနှင့် ချယ်လ်ဆီး

နှစ်သင်းစလုံး အမာခံဘောလုံးသမားအကုန် ထုတ်သုံးခဲ့ပြီး အနိုင်ရရှိရေး အားထုတ်ခဲ့ကြသည်။ လီဗာပူးတိုက်စစ်တွင် ဒရက်ကွတ်၊ ရေးရာ၊ ဂျရတ်နှင့် တောရက်စ်တို့ကို အုပ်စုဖွဲ့ ထိုးဖောက်ကစားစေခဲ့ရာ ဂိုးသွင်းခွင့် ၁၃ကြိမ်ရရှိပြီး အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့သည်။ သို့သော် ပထမပိုင်း၌ ချယ်လ်ဆီးဂိုးသမားပီတာချက်က လက်စွမ်းပြ ကာကွယ်သွားနိုင်ခဲ့သည်။

ချယ်လ်ဆီးတို့က တိုက်စစ်တွင် အနယ်လ်ကာနှင့် ကာလူးတို့ကို ထားခဲ့ပြီး မာလူဒါ၊ ဘောလက်၊ လမ်းပတ်၊ မီခေးလ်တို့အား ကွင်းလယ်၌ အပြည့်ခင်းကျင်းကစားစေခဲ့သော်လည်း လီဗာပူးကို မထိန်းချုပ်နိုင်ခဲ့ချေ။

၁၇မိနစ်တွင် လီဗာပူးကွင်းလယ်ကစားသမား မာရှေရာနို၏ကန်သွင်းချက်ကို ချယ်လ်ဆီးဂိုးသမားပီတာချက် ကာကွယ်သွားနိုင်ခဲ့သည်။ ထို့အတူ ၄၇မိနစ်၌ ချယ်လ်ဆီးနောက်ခံလူ ဘိုစင်ဝါ၏ ကန်သွင်းချက်ကလည်း လွဲချော်သွားခဲ့သဖြင့် ချယ်လ်ဆီးတို့ နစ်နာခဲ့ရသည်။

လီဗာပူးနှင့် ချယ်လ်ဆီးတို့ပွဲတွင် လီဗာပူးအတွက် အဖွင့်ဂိုးကို တောရက်စ် (ဝဲ)က ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။

သို့သော် ၅၇မိနစ်၌ ချယ်လ်ဆီး ကွင်းလယ်ကစားသမားလမ်းပတ် အနီကတ်ပြအထုတ်ခံရကာ ချယ်လ်ဆီးတို့ ၁၀ဦးတည်းနှင့် ကစားခဲ့ရသည်။ ချယ်လ်ဆီးတို့ တိုက်စစ်မြှင့်သည့်အနေဖြင့် ၆၉မိနစ်၌ မာလူဒါအစား ဒေကို၊ အနယ်လ်ကာအစား ဒရော့ဘာတို့ကို လူစားလဲကစားခဲ့သော်လည်း ကစားကွက်သိသာစွာ မထူးခြားခဲ့ချေ။

လီဗာပူးအတွက်အဖွင့်ဂိုးကို ၈၈မိနစ်၌ နောက်ခံလူ အော်ရယ်လီရို ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို တိုက်စစ်မှူးတောရက်စ် ခေါင်းတိုက်သွင်းယူခဲ့သည်။ ချယ်လ်ဆီးတို့ ပွဲချိန်ပြည့်ခါနီး ဖိကစားခဲ့သော်လည်း အပိုင်ကန်သွင်းခွင့် မရဘဲရှိနေရာ လေလွင့်ချိန်အစားထိုး ကစားရသည့်အချိန်အတွင်း အက်ရှလေကိုးထံမှ လျှံထွက်လာသောဘောလုံးကို ဘီနာယောင်က ချပေးလိုက်ရာ တောရက်စ်ကန်သွင်းယူခဲ့သဖြင့် လီဗာပူးတို့ နှစ်ဂိုးပြတ် အနိုင်ရကာ နည်းပြဘင်နီတက်ဇ် ပြုံးပန်းလှိုင်ခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်နှင့် ဆန်းဒါးလန်း

နှစ်သင်းစလုံး ခြေရည်တူခဲ့သဖြင့် အကြိတ်အနယ် ကစားခဲ့ရသည်။ ဆန်းဒါးလန်းအတွက်ဂိုးကို ၃၂မိနစ်၌ ဆစ်စီက သွင်းယူပေးခဲ့ပြီး နယူးကာဆယ်အတွက် ချေပဂိုးကို ၆၈မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် အမီယိုဘီက သွင်းယူခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ်(၂၄)အပြီး အသင်းများ၏ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	မန်ယူ	၂၃	၁၆	၅	၂	၅၃
၂	လီဗာပူး	၂၄	၁၄	၉	၁	၅၁
၃	ချယ်လ်ဆီး	၂၄	၁၄	၆	၄	၄၈
၄	ဗီလာ	၂၄	၁၄	၆	၄	၄၈
၅	အာဆင်နယ်	၂၄	၁၂	၇	၅	၄၃
၆	အဲဗာတန်	၂၄	၁၀	၇	၇	၃၇
၇	ဝီဂန်	၂၄	၉	၆	၉	၃၃
၈	ဝက်စ်ဟမ်း	၂၄	၉	၆	၉	၃၃
၉	ဖူလ်ဟမ်	၂၂	၇	၈	၇	၂၉
၁၀	မန်စီးတီး	၂၃	၈	၄	၁၁	၂၈
၁၁	ဟူးလ်စီးတီး	၂၄	၇	၇	၁၀	၂၈
၁၂	ဘော်လ်တန်	၂၄	၈	၃	၁၃	၂၇
၁၃	ဆန်းဒါးလန်း	၂၄	၇	၆	၁၁	၂၇
၁၄	စပါး	၂၄	၆	၆	၁၂	၂၄
၁၅	နယူးကာဆယ်	၂၄	၅	၉	၁၀	၂၄
၁၆	ပို့စ်မောက်	၂၃	၆	၆	၁၁	၂၄
၁၇	စတုတ်	၂၄	၆	၆	၁၂	၂၄
၁၈	ဘလက်ဘန်း	၂၃	၅	၈	၁၀	၂၃
၁၉	မစ်ဒယ်ဘရော့	၂၄	၅	၇	၁၂	၂၂
၂၀	ဝက်စ်ဘရွန်း	၂၄	၆	၄	၁၄	၂၂

(အင်တာနက်)

2-2 (08).pmd 1 2/2/2009, 2:06 AM



"မွန်ပြည်နယ် အတွင်းမှာ နိုင်ငံပိုင် ဆားလုပ်ငန်း လေးခု ရှိပါတယ်။ ၂၀၀၇-၂၀၀၈ခုနှစ် ဘဏ္ဍာရေး နှစ်မှာ နေလှန်းဆားကြမ်း စုစုပေါင်း မက်ထရစ်တန် ၃၆၄၉၈ တန် ထုတ်လုပ် ပေးခဲ့ပါတယ်။"

ဦးဝင်းသိန်း
ပြည်နယ်မန်နေဂျာ
မြန်မာ့ဆားနှင့်
အဏ္ဏဝါဓာတုဗေဒပစ္စည်း
ထုတ်လုပ်ရေးနှင့်
ရောင်းဝယ်ရေးလုပ်ငန်း

■ *ရှေ့ဖုံးမှ*

မိမိတို့ သတင်းအဖွဲ့ကို မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်း (မွန်ပြည်နယ်) ပြည်နယ်မန်နေဂျာဦးဝင်းသိန်းက မွန်ပြည်နယ်အတွင်း ဆားထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းပြရာတွင် "မွန်ပြည်နယ် အတွင်းမှာ နိုင်ငံပိုင် ဆားလုပ်ငန်း လေးခုရှိပါတယ်။ လုပ်ဧကအားဖြင့် ၂၅၃၂ဒသမ၆၀ဧကဖြစ်ပြီး ၂၀၀၇-၂၀၀၈ခုနှစ် ဘဏ္ဍာရေးနှစ်မှာ နေလှန်းဆားကြမ်း မက်ထရစ်တန် ၁၉၀၀၀ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ပုဂ္ဂလိကပိုင် ဆားကွင်း ၇၆ကွင်းက ၁၇၄၉၈ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့တဲ့အတွက် စုစုပေါင်း ၃၆၄၉၈ မက်ထရစ်တန် ထုတ်လုပ်ပေးခဲ့ပါတယ်။

ထုတ်လုပ်နိုင်

အခု ၂၀၀၈-၂၀၀၉ခုနှစ် ဆားရာသီမှာတော့ နိုင်ငံပိုင် အနေဖြင့် မက်ထရစ်တန် ၂၂၂၀၀နဲ့ လုပ်ဧက ၃၀၉၅ဒသမ ၁၉ဧကရှိ ပုဂ္ဂလိကပိုင် ဆားကွင်း ၁၁၆ကွင်းက ၃၁၇၇၆ မက်ထရစ်တန် စုစုပေါင်း ဆားကြမ်း ၅၃၉၇၆ မက်ထရစ်တန် ထုတ်လုပ်ဖို့ လျာထား ဆောင်ရွက်လျက် ရှိပါတယ်။ ယခင်နှစ်ထက် စုစုပေါင်း ဆားကြမ်း ၁၇၄၇၈ မက်ထရစ်တန် ပိုမိုထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်" ဟူ၍ ပြောကြားသည်။

ရှင်းလင်းပြသ

မိမိတို့ သတင်းအဖွဲ့သည် ပင ဆားလုပ်ငန်းရှိ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြရာ ပင ဆားလုပ်ငန်း လုပ်ငန်းမန်နေဂျာ ဦးကျော်လွင်က လိုက်လံရှင်းလင်း ပြသပေးသည်။

သွင်းယူသိုလှောင်

နေလှန်းဆားကြမ်း ထုတ်လုပ်ပုံ အဆင့်ဆင့်ကား ရှေးဦးစွာ မုတ္တမ ပင်လယ်ကွေ့မှ ဝင်ရောက်လာသော ပင်လယ်ရေများကို ဆားရာသီအတွင်း လစဉ် ရေထရက်ရောက်တိုင်း ပင ချောင်းမှတစ်ဆင့် ပင်လယ်ရေလှောင် အတွင်းသို့ ရေတံခါးဖြင့် သွင်းယူ သိုလှောင်ရသည်။

ယင်းနောက် ရေတင်စက်ကြီးများဖြင့် စုပ်ယူပြီး ရေပို့မြောင်းကြီးများမှတစ်ဆင့် ရေလှန်းကွင်းများသို့ ပို့လွှတ်ပေးရပါသည်။

အဆင့် ငါးဆင့်

ပင်လယ် ရေလှန်းကွင်းများကိုမူ လှောင်ထူ၊ လှောင်ပါး၊ လှန်းထူ၊ လှန်းပါးနှင့် ဂယက်ဟူ၍ အဆင့် ငါးဆင့်ခွဲခြားထားကြောင်း သိရသည်။

လှောင်ထူမှ ဂယက်အထိ တစ်ဆင့်နှင့်တစ်ဆင့် အငွေ့ပြန်နှုန်းအပေါ်မူတည် တွက်ချက်၍ လှန်းခွက်ဧရိယာနှင့် ရေအနက်တို့ကို ခွဲခြားထားသည်။

ဆားပွင့်လွှာ

ပင်လယ်ရေ စတင်ပြီးနောက် နေလှန်းရက်ပေါင်း ၃၀ရက်ခန့်၊ မြေမျက်နှာပြင် သိပ်သည်း ညီညာအောင် ပြုပြင်ထားပြီးဖြစ်သော ဆားကျုံးခွက်များအတွင်း ၁၅ရက်ခန့် စုစုပေါင်း ၄၅ရက်မှ ရက်ပေါင်း ၅၀အတွင်း လှန်းယူပြီးနောက်တွင် ဆားကျုံးခွက် မျက်နှာပြင်တွင် ဖြစ်ပေါ်လာသော ဆားပွင့်လွှာကို ခြစ်ကျုံး ယူရပါသည်။

ထုတ်ယူရရှိ

ယင်းနောက် ဆေးကြောသန့်စင်ပြီးမှ ဖြူဖွေးသော နေလှန်းဆားကြမ်းများကို ထုတ်ယူရရှိသည်။

ဖြန့်ဖြူး

ပင ဆားလုပ်ငန်းမှ ထုတ်လုပ်သော နေလှန်း ဆားကြမ်းများကို အဓိကအားဖြင့် စက္ကူဓာတုလုပ်ငန်း၊ ဆပ်ပြာလုပ်ငန်းများနှင့် စားသောက်ကုန်လုပ်ငန်းသို့ ရောင်းချဖြန့်ဖြူး လျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာနှင့် ကရုပ္ပိကျေးရွာအကြားရှိ ဆားလုပ်ငန်းခွင်တွင် လုပ်သားကြီးများ လုပ်ငန်းခွင်ဝင်ရောက်နေသည်ကို တွေ့ရစဉ်။

မွန်ပြည်နယ် ပင ဆားလုပ်ငန်းခွင်တွင် လုပ်သားကြီးများက ဆားကျုံးခွက် မျက်နှာပြင်ရှိ ဆားပွင့်လွှာများကို ခြစ်ကျုံးယူ၍ သယ်ပို့နေစဉ်။

ရောင်းချ

အလားတူ နေလှန်းဆားကြမ်း ထုတ်ယူပြီးနောက် ကျန်ရှိသော ကြက်တက်ရည်မှ ဆားခါးကြမ်းများကို ဆားခါးချေ(ဝမ်းနုတ်ဆေး) ထုတ်လုပ်ရန်အတွက် ရန်ကုန်မြို့ရှိ မြန်မာ့ဆားလုပ်ငန်းပိုင် ဆားခါးစက်ရုံသို့ လည်းကောင်း၊ ပိုတက်ဆီယမ် ကလိုရိုဒ် (အကြမ်း)များကိုလည်း အချောထုတ်လုပ်ရန် ရန်ကုန်မြို့ရှိ မြန်မာ့ဆားလုပ်ငန်းပိုင် (O-R-S) ဓာတ်ဆားမှုန့်စက်ရုံသို့လည်းကောင်း၊ မဂ္ဂနီဆီယမ် ကလိုရိုဒ် အစရှိသည့် အပိုဓာတ်ဆားများကို ဆန်စက်၊ ငါးပုံကျောက်ထုတ်လုပ်ရန်အတွက် လည်းကောင်း ပေးပို့ရောင်းချပေးကြောင်း သိရသည်။

ကုန်းတွင်းဆားချက်လုပ်ငန်း

ပင ဆားကွင်းများအတွင်း လှည့်လည်လေ့လာကြည့်ရှုစဉ် ပြည်နယ်မန်နေဂျာက "ရှေးမြန်မာမင်းများလက်ထက်က စစ်ကိုင်း၊ မန္တလေး စတဲ့ အထက်အညာ ဒေသတွေမှာ ကုန်းတွင်းဆားချက် လုပ်ငန်းအဖြစ် မြေအောက်ကရေကို တွင်းတူးပြီး ဒယ်သေးသေးနဲ့ ချက်လုပ်ကြတယ်။ ပင်လယ် ကမ်းရိုးတန်း ဆားချက် လုပ်ငန်းကိုတော့ ဧရာဝတီ၊ ရခိုင်နဲ့ မွန်ပြည်နယ်တွေမှာ ဒယ်ကြီးတွေနဲ့ ၁၉၆၄-၁၉၆၅အထိ ထုတ်လုပ်ခဲ့ကြဖူးတယ်။ နောက်ပိုင်း နေလှန်းဆားတစ်ဝက်၊ ချက်ဆားတစ်ဝက် ထုတ်လုပ်ရာကနေ ၁၉၈၀ပြည့်နှစ်လောက်မှာတော့ နေလှန်းဆား တစ်ခုတည်းပဲ အများဆုံး ထုတ်လုပ်ပါတယ်" ဟူ၍ ချက်ဆားနှင့်စပ်လျဉ်းပြီး ဗဟုသုတအဖြစ် ရှင်းပြပါသည်။

ဆားရာသီ

တစ်ဆက်တည်းမှာပင် "နေလှန်းဆား ထုတ်လုပ်မှုကို နိုဝင်ဘာလလောက်မှာ စတင်ရေသွင်းပြီး ဇန်နဝါရီလလောက်မှာ စတင်ထုတ်လုပ်နိုင်ပါတယ်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီနဲ့ မတ်လဆိုရင် ဆားရာသီ တစ်ရာသီရဲ့ ၅၀ရာခိုင်နှုန်းလောက် ထုတ်လုပ်နိုင်ပြီး ဧပြီနဲ့ မေဆိုရင် ကျန် ၅၀ရာခိုင်နှုန်းကို ထုတ်လုပ်နိုင်ပြီဖြစ်ပါတယ်" ဟူ၍ ရှင်းပြသည်။

လျာထားချက်

ဆက်လက်၍ "မွန်ပြည်နယ် အတွင်း ၂၀၀၈-၂၀၀၉ လျာထား ချက်ပြည့်မီရေးအတွက် ရင်းနှီးငွေ မလုံလောက်တဲ့ပုဂ္ဂလိကဆားလုပ်ငန်းရှင်များကို ဆားကွင်း ပြုပြင်စရိတ်အထိုက်အလျောက် ကာမိစေဖို့ ပြည်နယ်အတွင်းရှိ ပုဂ္ဂလိက နေလှန်းဆား ထုတ်လုပ်သူ ၄၈ဦးကို မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် လီမိတက်က ဆားအထူးချေးငွေ ကျပ် ၆၅၅၃၆၀၀၀ကို ထုတ်ချေးခဲ့ပါတယ်" ဟု ပြောကြားသည်။

သယ်ပို့

မိမိတို့သတင်းအဖွဲ့ ပင ဆားလုပ်ငန်းမှ ပြန်ထွက်လာချိန်က မွန်းလွဲလုပြီ။ လုပ်သားကြီးများက ဆားကျုံးခွက် မျက်နှာပြင်ရှိ ဆားပွင့်လွှာများကို ခြစ်ကျုံးယူ၍ သယ်ပို့နေဆဲပင်....။ ။

(မြန်မာ့အလင်း)

မွန်ပြည်နယ် သံဖြူဇရပ်မြို့ ပင‌ကျေးရွာနှင့် ကရုပ္ပိကျေးရွာအကြားရှိ ပင ဆားကွင်းကို ဤသို့တွေ့ရသည်။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၁

တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ကြီးမှူးကျင်းပမည့် (၁၅)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲကို ဖေဖော်ဝါရီ၁၉ရက်မှ မတ်၂ရက်အထိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ယှဉ်ပြိုင်ခွင့်ရ ကစားသမားများ ဖေဖော်ဝါရီ၁၈ရက် မွန်းလွဲ၂နာရီတွင် အားကစားသမားများ အစည်းအဝေးသို့ တက်ရောက်စာရင်းသွင်းရမည်ဖြစ်သည်။

သံတွဲခရိုင်အသင်း နှစ်ပတ်လည်အစည်းအဝေး

သံတွဲခရိုင်အသင်း (ဌ၊ တောင်ကုတ်၊ သံတွဲ)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၂၂ရက် (တနင်္ဂနွေနေ့)မွန်းတည့်၁၂နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်မဏ္ဍာရုံ၌ ကျင်းပမည်ဖြစ်သည်။

မင်္ဂလာရွှေမြန်မာ ပန်းချီပြပွဲ

မြန်မာ့ရိုးရာအလှအပများကို ရေးဆွဲတင်ပြထားသော ပန်းချီဆရာကြည်သိန်း၏ မင်္ဂလာရွှေမြန်မာအမည်ရှိပန်းချီပြပွဲကို အမှတ်၈ ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ ဖေဖော်ဝါရီ ၅ရက်မှ ၁၂ရက်အထိ နံနက်၉နာရီခွဲမှ ညနေ၅နာရီအထိ ခင်းကျင်းပြသထားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ

ထက်လင်းတိုင်းရင်းဆေးဝါးလုပ်ငန်း၏ ပံ့ပိုးမှုဖြင့် H & S Group က တာဝန်ယူစီစဉ်မည့် မျှော်စင်ကျွန်းက လက်သီးပွဲ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ဖေဖော်ဝါရီ ၆ရက် ညနေ၆နာရီမှ စတင်၍ ကန်တော်ကြီး ကရဝိက်ဉယျာဉ်ကမ္ဘာ မျှော်စင်ကျွန်း၌ ကျင်းပမည်ဖြစ်ရာ ရွှေဝါထွန်းနှင့် ဝမ်ချိုင်းတို့၏ အထူးစိန်ခေါ်ပွဲ ပါဝင်မည်ဖြစ်သည်။

ကျန်းမာရေးနေ့အထိမ်းအမှတ် စာမူများပေးပို့နိုင်

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယခုနှစ်အတွက် ရွေးချယ်ထားသော ဆောင်ပုဒ်ဖြစ်သည့် "Protect Health Facilitie from Emergencies; Prepare. Respond. Save Lives." ကိုမှီ၍ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်းများရေးသားပြီး မတ်၂ရက် နောက်ဆုံးထား၍ ဦးစီးမှူး ကျန်းမာရေးပညာကျန်းမာရေး ဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်သို့ ပေးပို့နိုင်ကြောင်းသိရသည်။

ပြွန်တန်ဆာအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးတို့ကို ဖေဖော်ဝါရီ၂၂ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော်အနီးရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မဏ္ဍာရုံ၌ ကျင်းပမည် ဖြစ်သည်။

မော်လမြိုင်ကောလိပ်ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

မော်လမြိုင်ကောလိပ်သတ္တဗေဒဌာနမှ ၁၉၇၅-၁၉၇၉ခုနှစ် သတ္တဗေဒဘွဲ့ရ ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို မတ်၂၈ရက်(စနေနေ့)တွင် ကရဝိက်နန်းတော် ဥတ္တရခန်းမ၌ ကျင်းပမည်ဖြစ်သည်။

တံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးပြီး ဖေဖော်ဝါရီ၇ရက်မှ ၁၁ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားသမားများ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀သို့ ဖေဖော်ဝါရီ ၆ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား စာရင်းပေးသွင်းရမည်ဖြစ်သည်။

လုပ်ငန်းခွင်အသုံးချ ဆော့ဖ်ဝဲသင်တန်းဖွင့်မည်

နည်းပညာများတိုးတက်နေသော ယနေ့အချိန်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်း အလုပ်လုပ်နိုင်စေရန်ရည်ရွယ်ပြီး လုပ်ငန်းခွင်အသုံးချ အဆင့်မြင့် ဆော့ဖ်ဝဲအင်ဂျင်နီယာသင်တန်းကို Gusto မှ ပထမဦးဆုံးအကြိမ်အဖြစ် မကြာမီဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ ဖုန်း-၂၂၂၀၅၂၊ ၂၅၄၄၉၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာနယ်ဇင်းပညာသင်တန်း(၁/၂၀၀၉)ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော စာနယ်ဇင်းပညာသင်တန်း(၁/၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး ခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ သင်တန်းဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စာနယ်ဇင်းပညာသင်တန်း စီမံကြီးကြပ်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဦးတင်ခ(တက္ကသိုလ်တင်ခ)က အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ရှင်းလင်းပြောကြား

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး) က သင်တန်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာနယ်ဇင်းပညာသင်တန်း စီမံကြီးကြပ်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်) က သင်တန်းပို့ချမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြာမြင့်

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် သဘာဝဘေး ဖောင်ပိတ်သတင်း

ဂျပန်အလယ်ပိုင်း အေဆာမာမီးတောင် လှုပ်ရှား မီးခိုးနှင့်ပြာမှုန်များ မှုတ်ထုတ်နေ

တိုကျို ဖေဖော်ဝါရီ ၁

ဂျပန်နိုင်ငံအလယ်ပိုင်းရှိ အေဆာမာမီးတောင်သည် ဖေဖော်ဝါရီ ၁ရက်က လှုပ်ရှားလာပြီး မီးခိုးနှင့်ပြာမှုန်များကို မှုတ်ထုတ်လျက်ရှိကြောင်း ဂျပန်နိုင်ငံမှ သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။ (အောက်ပုံ)

အေဆာမာမီးတောင်သည် တိုကျိုမြို့ အနောက်မြောက်ဘက် မိုင် ၉၀ခန့်အကွာ၌ရှိပြီး အမြင့် ၈၄၂၅ ပေရှိသော မီးတောင်ဖြစ်သည်။

ကန့်သတ်ထား

မီးတောင်လှုပ်ရှားနေမှုကြောင့် အနီးဝန်းကျင် လေးကီလိုမီတာ ပတ်လည်ဧရိယာအတွင်း ဘေးအန္တရာယ်ဇုန် သတ်မှတ်လိုက်ပြီး မည်သူမျှ ဖြတ်သန်းသွားလာခွင့်မပြုရန် ကန့်သတ်ထားသည်။ အေဆာမာမီးတောင်သည် လွန်ခဲ့သည့် ၁၇၈၃ခုနှစ်က လူ ၁၅၀၀ခန့် သေဆုံးခဲ့ရသော မီးတောင်ပေါက်ကွဲမှုဖြစ်ခဲ့သည့် မီးတောင်ဖြစ်သည်။

အင်ဒိုနီးရှား အရှေ့ဂျာဗားကျွန်း ကမ်းလွန်၌ ငလျင်လှုပ်

ဂျကာတာ ဖေဖော်ဝါရီ ၁

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားကျွန်း ကမ်းလွန်တွင် ဖေဖော်ဝါရီ ၁ရက်က ရစ်ချ်တာစကေး ၆ ရှိ ငလျင်လှုပ်သွားကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

အဆိုပါ ငလျင်မှာ အရှေ့ဂျာဗားကျွန်း ကမ်းလွန် ပင်လယ်ကြမ်းပြင်အောက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်ပြီး ဆူနာမီ သတိပေးချက်များ ထုတ်ပြန်ခြင်းမရှိကြောင်း ၎င်းတို့က ဆက်လက် ပြောကြားသည်။

(အင်တာနက်)

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း အသင်းသားစုံညီ နှစ်ပတ်လည် အစည်းအဝေးနှင့် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းသည် (၁၅)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးနှင့် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲကို ဖေဖော်ဝါရီ ၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မင်္ဂလာခန်းမ UMFCCI Officer Tower အမှတ်၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပ မည်ဖြစ်သည်။ အစည်းအဝေးတက်ရောက်ရန် အသင်းဝင်များထံသို့ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ဖိတ်စာမရရှိသော အသင်းသူ အသင်းသားများသည် အသင်းရုံးတည်ရှိရာ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၄၈၃၀၊ ၂၁၄၈၃၂ တို့သို့ ဆက်သွယ်သတင်းပေးပို့၍ အစည်းအဝေး တက်ရောက်နိုင်ကြောင်းနှင့် ဖေဖော်ဝါရီ ၁၁ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ဖော်ပြပါခန်းမ၌ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပ မည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာပြည်ပန်းချီအသင်း နှစ်(၉၀)ပြည့် ပါဝင်ကြသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)က စီစဉ်ကျင်းပခဲ့သည့် မြန်မာပြည်ပန်းချီအသင်းကြီး (၁၉၁၈-၂၀၀၈) နှစ်(၉၀)ပြည့်အထိမ်းအမှတ် ပန်းချီပြပွဲတွင် ပါဝင်ကူညီခဲ့ကြသော အလှူရှင်များနှင့် ပန်းချီပညာရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီက မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ပန်းချီပန်းပုပြခန်း၌ ကျင်းပရာ အလုပ်အမှုဆောင်များ၊ အလှူရှင်များ၊ ပန်းချီပညာရှင်များ တက်ရောက်ကြသည်။

ပြောကြား

အခမ်းအနားတွင် အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးသန့်စင်(ခ)ပန်းချီလှတင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးကြည်ဝင်း(တူဒေး)က ပြပွဲကြီးနှင့် စပ်လျဉ်း၍ သုံးသပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုပေးအပ်

ဆက်လက်၍ အစည်းအရုံးဥက္ကဋ္ဌ ဦးသောင်းဟန်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသန့်စင်၊ဦးစောလှိုင်၊ဦးအောင်သိန်း၊ ဘဏ္ဍာရေးမှူး ဦးအောင်သွင်၊ အတွင်းရေးမှူး ဦးကြည်ဝင်း(တူဒေး) **(အပေါ်ပုံ)**၊ တွဲဖက်အတွင်းရေးမှူး ဦးမြတင်တို့က အလှူရှင်များနှင့် ပန်းချီပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။ ထို့နောက် ပန်းချီပညာရှင်များ ကိုယ်စား ပန်းချီကာတွန်းပညာရှင် ဦးငွေကြည်က ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

(၁၆၄)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ကင်ညာ မိုလိုမြို့၌ စက်သုံးဆီတင်ယာဉ်မီးလောင် လူ ၁၁၁ဦး သေဆုံး၊ ၂၀၀ခန့် ဒဏ်ရာရရှိ

မိုလို ဖေဖော်ဝါရီ ၁

ကင်ညာနိုင်ငံ မိုလိုမြို့တွင် စက်သုံးဆီများ တင်ဆောင်လာသော မော်တော်ယာဉ် တစ်စီး ဖေဖော်ဝါရီ ၁ရက်က မီးလောင်မှုဖြစ်ပွားရာ လူ ၁၁၁ဦး သေဆုံးပြီး ၂၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ကင်ညာရဲတပ်ဖွဲ့က ပြောကြားသည်။

မီးလောင်ပေါက်ကွဲ

မီးလောင်မှုဖြစ်ပွားရခြင်းမှာ လူတစ်ဦးက စီးကရက်သောက်ပြီး ပစ်ချခဲ့ရာမှ စက်သုံးဆီတင် မော်တော်ယာဉ် မီးလောင်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဒဏ်ရာရရှိသူများတွင် ဒဏ်ရာပြင်းထန်သူများ ပါဝင်လျက်ရှိရာ သေဆုံးသူဦးရေ တိုးလာဖွယ်ရှိကြောင်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

လေးမျက်နှာမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း၌ မတ် ၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။

၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများသည် ဖေဖော်ဝါရီ ၂၂ရက် နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဦးခင်ချို ဖုန်း-၆၆၃၉၁၁၊ ဒုဥက္ကဋ္ဌ ဦးတင်စိုး ဖုန်း-၅၂၆၀၀၆၊ အတွင်းရေးမှူး ဦးမောင်မောင်သွင် ဖုန်း-၅၁၃၄၃၈၊ အမှုဆောင် ဦးမြသိန်း ဖုန်း-၅၃၅၆၇၂၊ ဦးဌေးဝင်း ဖုန်း-၀၉-၅၀-၁၁၉၆၀ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် သန်းသန်းနု ကိုးကားတင်ပြသည်

နမ့်စန်နှင့် ဟားခါး၌ ညအပူချိန်လျော့၊ ကချင်ပြည်နယ်၌ မိုးရွာဖွယ်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁

ဖေဖော်ဝါရီ ၁ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကိုဖော်ပြရပါလျှင် ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ် ပိုခဲ့သည်။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ဒေသများ၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့တွင် ၃ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့၌ ၄ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

သာယာမည်

ဖေဖော်ဝါရီ ၂ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုကို ခန့်မှန်းရပါက ချင်းပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

တိမ်အနည်းငယ်ဖြစ်ထွန်း

ဖေဖော်ဝါရီ၂ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တို့တွင် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တိမ်အနည်းငယ် ဖြစ်ထွန်းမည်ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ရန်ကုန်တိုင်း မိခင်နှင့်ကလေး ကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောရီနှင့်အဖွဲ့ ခရိုင်အဆင့် ကျောင်းကျန်းမာရေး စံပြကျောင်း ရွေးချယ်ရေးအတွက် ဇန်နဝါရီ၂၃ရက်က လှိုင်သာယာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ (ပညာရေး)

မြင်းမူမြို့၌ ကျန်းမာရေးဆိုင်ရာ ပညာပေး

မြင်းမူ ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကျေးရွာသင်တန်းသားများအား ပြန်လည်လေ့လာဆန်းစစ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မညိုက မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာမျိုးသန့်က ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု အရှိန်အဟုန်မြှင့်တင်ခြင်းလုပ်ငန်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နေ့ကလေးထိန်းကျောင်းအတွက် ငွေပဒေသာပင် ကျပ်ငါးသောင်းကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တင်လင်းမြင့်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မညိုထံသို့ ပေးအပ်လှူဒါန်းပြီး ကျေးရွာ သင်တန်းသားများအား ပြန်လည်လေ့လာ ဆန်းစစ်ခြင်းများ ပြုလုပ်ကြောင်း သိရသည်။ (ဝ၃၅)

ပေါက်တောမြို့ အမှတ်(၂) ရပ်ကွက် မြို့မကျောင်းလမ်း ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်က အဆိုပါလမ်းမုခ်ဦးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဇောလှနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကွမ်းလုံခရိုင် ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ဟိုပန် ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ရက် ညနေ ၄နာရီက ကွမ်းလုံမြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲကို မွန်းလွဲ ၂နာရီက ကျင်းပရာ ကွမ်းလုံမြို့နယ် ကိုယ်စားပြု လက်ရွေးစင်(က)အသင်းက ဟိုပန်မြို့နယ် ကိုယ်စားပြု (ခ)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသည်။

ထို့နောက် ဆုဖလားချီးမြှင့်ခြင်းကို ဆက်လက်ကျင်းပရာ ဒုတိယဆုရရှိသည့် ဟိုပန်မြို့နယ် ကိုယ်စားပြု လက်ရွေးစင်(ခ)အသင်း၊ တစ်ဦးချင်းဆုတံဆိပ်များကို ခရိုင်အတွင်းရေးမှူး ဦးအောင်ခင်ကလည်းကောင်း၊ ဒုတိယဆု ငွေသားကို ဦးဟော်ရှောက်ချုန်း (ဒုတိယရဲမှူး-ငြိမ်း)ကလည်းကောင်း၊ ပထမဆုရ ကွမ်းလုံမြို့နယ် ကိုယ်စားပြု လက်ရွေးစင်(က) အသင်း၊ တစ်ဦးချင်းဆု တံဆိပ်ကို ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းကလည်းကောင်း၊ ပထမဆုဖလားနှင့် ငွေသားဆုကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမောင်မောင်မြင့်က အသင်းခေါင်းဆောင်နှင့် ကြီးကြပ်သူအား ဆုချီးမြှင့်ပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြိုင်ပွဲတစ်လျှောက် နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများကို ရဲမှူးတင်ထွန်းကလည်းကောင်း၊ ပြိုင်ပွဲအထောက်အကူပြု အဖွဲ့ဂုဏ်ပြုဆုကို နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးမောင်မောင်မြင့်၏ဇနီး ဒေါ်ဥမ္မာမြင့်ကလည်းကောင်း၊ ကွင်းလယ်ဒိုင်လူကြီးများဂုဏ်ပြုဆုကို ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းကလည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သံတောင်ကြီး၌ ရွှေညောင်ပင်စာကြည့်တိုက် အဆောက်အအုံဖွင့်

သံတောင်ကြီး ဇန်နဝါရီ ၂၈

သံတောင်ကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာ ရွှေညောင်ပင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၃ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ပဲခူးတိုင်း (အရှေ့ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူးဦးကြည်၊ သံတောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ခင်မြင့်၊ တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်၊ ကျေးရွာဥက္ကဋ္ဌ ဦးစိန်ပေါလ်နှင့် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောဆိုးကလိုတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဟောပြော

အခမ်းအနားတွင် ပဲခူးတိုင်း(အရှေ့ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က အမှာစကားပြောကြားပြီး တောင်ငူခရိုင် ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်က စာအုပ်စာစောင်မျိုးစုံ ၂၅၀ ကို လှူဒါန်းပေးအပ်ရာ မြို့နယ်ဦးစီးမှူး ဦးစောတီမသေက စာကြည့်တိုက်များ ရေရှည်ခိုင်မာရေးအကြောင်းကို ဟောပြောခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဖောင်ရိုးချောင်း-ဥတို ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၈ရက်က အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် အငယ်တန်းအင်ဂျင်နီယာဦးစန်းယုလှိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၅၂)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ဘားအံနှင့် လှိုင်းဘွဲမြို့နယ်ရှိ သံလွင်မြစ်ကမ်းနှစ်ဖက်တွင် တောင်သူလယ်သမားများ ဆောင်းမြေပဲများ စိုက်ပျိုးလုပ်ကိုင် အထွက်တိုး၍ မြဝတီမြို့နယ်စပ်သို့ သယ်ယူရောင်းဝယ်ကြ

ဘားအံ ဇန်နဝါရီ ၂၈

ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ် သံလွင်မြစ်ကမ်းနှစ်ဖက်ရှိ မြေနုကျွန်းများ၊ ကိုင်းလယ်မြေများတွင် တောင်သူလယ်သမားများ ဆောင်းမြေပဲများကို စိုက်ပျိုးလုပ်ကိုင်ခဲ့ကြရာ အထွက်တိုးအောင်မြင်၍ ဦးကြီးများ ဝင်ငွေတိုးလျက်ရှိသည်။

သယ်ယူပို့ဆောင်

ယင်းမြေပဲများကို ယခင်ကကဲ့သို့ မြေပဲနေလှန်း၊ အခြောက်ခံခြင်း မပြုလုပ်ကြတော့ဘဲ မြေပဲအစိုတောင့်များ အမြန်ဆုံးခြွေချ၍ ကိုယ်တိုင်နှင့် ကုန်သည်ပွဲစားများကတစ်ဆင့် ဘားအံမြို့ ကမ်းနားလမ်းအဝယ်ဒိုင်များတွင် မြေပဲတစ်တင်းလျှင် ငွေကျပ် ၇၀၀၀ဈေးဖြင့် ရောင်းဝယ်ကြပြီး နေ့စဉ် ကားကြီး၊ ကားငယ်များဖြင့် မြေပဲအစို နှစ်တင်းဝင်အိတ်တစ်အိတ်လျှင် ကားခငွေကျပ် ၁၀၀၀ဖြင့် မြဝတီမြို့နယ်စပ်သို့ သယ်ယူရောင်းဝယ်နေကြသည်။ (အောက်ပုံ)

ရောင်းဝယ်

ရေးယခင်က အဆိုပါလယ်မြေမှထွက်ရှိသော မြေပဲများကို မြေပဲခြောက်တစ်တင်းလျှင် (၅/၇)ကျပ်နှုန်းဖြင့် ကုန်သည် ပွဲစားများက တောင်သူလယ်သမားများထံမှ ဝယ်ယူပြီး လှေ၊ သမ္ဗန်၊ မော်တော်၊ သင်္ဘောများဖြင့် ဘားအံမြို့နှင့် မော်လမြိုင်မြို့ ဆီစက်များသို့ သယ်ယူပို့ဆောင်ရောင်းဝယ်ကြကြောင်း သိရသည်။ (၁၄၄)

အမြို့မြို့ အနယ်နယ် သတင်းများ

သံတွဲခရိုင် ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

သံတွဲ ဇန်နဝါရီ ၂၂

ရခိုင်ပြည်နယ် သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၆ရက် နံနက် ၁၀နာရီက သံတွဲခရိုင်ရုံး ဒွါရာဝတီစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုအုန်းက အမှာစကားပြောကြားပြီး မြို့နယ်တစ်ခုချင်းအလိုက် ၂၀၀၈ ခုနှစ် အတွင်း လုပ်ငန်းလျာထားချက်များအတိုင်း အောင်မြင်စွာဆောင်ရွက်နိုင်မှုနှင့် အားသာချက်၊ အားနည်းချက်များကို သုံးသပ်တင်ပြသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးများက ၂၀၀၉ ခုနှစ် အတွက် စီမံချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးအရာရှိ ဦးညိုအုန်းက လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။**(ခရိုင် ပြန်/ဆက်)**

ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ယင်းမာပင်မြို့ အထက်တန်းကျောင်း၌ ကျင်းပ

ယင်းမာပင် ဇန်နဝါရီ ၂၅

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း တေဇဆောင်၌ ဇန်နဝါရီ ၂၄ရက် မွန်းလွဲ ၂နာရီက (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစိုးတင့်အောင်၊ လက်ထောက်ပညာရေးမှူး ဦးမြင့်၊ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအောင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဝင်းက ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အထက်တန်းပြ ဆရာ ဦးသန်းစိန်က လွတ်လပ်ရေး၏ အနှစ်သာရနှင့် ယနေ့နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဆွေးနွေးဟောပြောကြသည်။

ဆက်လက်ပြီး ဆုပေးပွဲကို ကျင်းပရာ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့်ဆုရ ကျောင်းသား ကျောင်းသူသုံးဦးအား မြို့နယ် ပညာရေးမှူး ဦးစိုးတင့်အောင်က လည်းကောင်း၊ အလယ်တန်းအဆင့်ဆုရ ကျောင်းသား ကျောင်းသူသုံးဦးအား လက်ထောက်ပညာရေးမှူး ဦးမြင့်ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရှင်သန်ရေးနှင့် စာဖတ်သူဦးရေတိုးတက်များပြားရေး ထပ်ဆင့်ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၏ ညွှန်ကြားချက်များဖြစ်သော ၂၀၀၉-၂၀၁၀ပြည့်နှစ်အတွက် ချမှတ်ပေးသည့် လုပ်ငန်းတာဝန် (၁၁)ရပ်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ် (၅)ရပ်နှင့် စာဖတ်သူဦးရေ တိုးတက်များပြားရေးအတွက် ထပ်ဆင့်ရှင်းလင်းပွဲကို ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားသို့ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်မှ ဦးစီးအရာရှိများနှင့် မြို့နယ်ဦးစီးမှူးများတက်ရောက်ကြပြီး ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်က ဝန်ကြီး၏ညွှန်ကြားချက်များအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ခရိုင်နှင့်မြို့နယ်များ၏ တင်ပြချက်များကို ပြန်လည် ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(တိုင်း ပြန်/ဆက်)**

ယာဉ်/လမ်းစည်းကမ်း ပညာပေးဟောပြော

ရမည်းသင်း ဖေဖော်ဝါရီ ၁

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရမည်းသင်းခရိုင်က ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၂ရက် မွန်းလွဲ၂နာရီက အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရမည်းသင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူးဦးမြင့်အောင်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ၊စည်ပင်သာယာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေး ဌာနများနှင့်အတူ အခြေခံပညာအထက်တန်း ကျောင်း ကျောင်းသားကျောင်းသူ၃၂၀တို့ကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဟောပြောပွဲနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိတ္ထီလာမြို့ သာယာလှပရေးဆောင်ရွက်

မိတ္ထီလာ ဖေဖော်ဝါရီ ၁

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသပ်ရပ်သာယာလှပမှု ရှိစေရေး၊ ပတ်ဝန်းကျင်ကျန်းမာသန့်ရှင်းရေး၊ လမ်းတံတားများပျက်စီးဆုံးရှုံးမှု မရှိစေရေး၊ မြို့တွင်း ရေဆိုးမြောင်းများ ပိတ်ဆို့မှုမရှိဘဲ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဒီဇင်ဘာ ၁၇ရက်က ကားကြီးဝင်းအဝင်လမ်း ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်ရှင်းလင်းခြင်းနှင့် မြောင်းဖော်ခြင်းတို့ကို ဒု-ဦးစီးမှူး(သန့်) ဦးအောင်စိုးနှင့် သန့်ရှင်းရေးဌာနစိတ်ဝန်ထမ်းများ အကောင်အထည်ဖော် ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ) (မြို့နယ်စည်ပင်)**

သန်လျင် အမှတ်(၄) အထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

သန်လျင်မြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ အခမ်းအနားသို့ နှစ်စဉ် အပူဇော်ခံ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဆရာမ ဒေါ်စန်းစန်းဦး(အထက-၄၊ သန်လျင်) ဖုန်း-၀၅၆-၂၁၂၁၁၊ ဒေါ်မာလာမြင့် ဖုန်း-၀၉-၅၀-၆၀၀၉၆၊ ဦးထင်လင်းမောင် ဖုန်း - ၀၉-၈၆-၄၀၆၈၄၊ ဦးမြင့်ထွန်း (ဝိုင်းလက်ဖက်ရည်ဆိုင် မြို့မလမ်းထိပ်)၊ ဦးလှမော် ဖုန်း-၀၉-၅၀-၃၄၁၆၄တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ခင်တုတ် တာဝန်ယူ ဆောင်ရွက်သော လက်ဝဲသုန္ဒရလမ်း ကတ္တရာ လမ်းပေါက်ဖာခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး)ဦးနီထွန်းနှင့်လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)



ဇန်နဝါရီ ၂၄ရက်က မင်္ဂလာဒုံမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း အမှတ်(၁၂)၏၂၀၀၇-၂၀၀၈ ပညာသင်နှစ်မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုနှင်းသဘင်ပွဲတွင် သူငယ်တန်း၌ ပထမဆုရ မဂ္ဂမ်မြတ်နိုးဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသွယ်ဝင်းက ဆုချီးမြှင့်စဉ်။ (၁၁၀)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ပလက်ဖောင်းပေါ်ကဆိုင်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

မန္တလေးမြို့တွင် ဈေးဆိုင်အချို့ လူသွားလမ်း ပလက်ဖောင်းများပေါ်တွင် နေ့ရောညပါ ပိတ်ဆို့ တည်ခင်း ရောင်းချနေမှုကြောင့် လမ်းသွား လမ်းလာများမှာ လမ်းမပေါ်မှဆင်း၍ လျှောက်နေရသဖြင့် မကြာခဏ ယာဉ်အန္တရာယ်နှင့် တွေ့ကြုံနေရပါသည်။ သို့ပါ၍ လမ်းပလက်ဖောင်းများပေါ်တွင် ပိတ်ဆို့ တည်ခင်း ရောင်းချနေသောဆိုင်များ လူသွားလမ်းချန်လှပ်၍ စည်းကမ်းတကျ ရောင်းချနိုင်ရန်အတွက် ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းရှင်းစေလိုသူ

ဈေးအိမ်သာခ သက်သာစေချင်

စာတည်းခင်ဗျား-

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ စည်ပင်သာယာဈေးရှိ ဈေးအိမ်သာ ကောက်ခံငွေမှာ လူတစ်ဦးလျှင် ကျပ် ၁၀၀နှုန်း ဖြစ်နေပါသောကြောင့် ချို့တဲ့သော ဈေးသည်များ နစ်နာရပါသဖြင့် ချိုသာသောဈေးနှုန်း သတ်မှတ်နိုင်ရေးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသည်တစ်ဦး

ပိတ်ဆို့ထားသောလမ်း ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် အမှတ်(၆) မင်းစုရပ်ကွက် မင်းစု အခြေခံပညာ အလယ်တန်းကျောင်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံ၏ အနောက်ဘက်ရှိ လမ်းများကို ပိတ်ဆို့ထားပါသဖြင့် ရပ်ကွက်ပြည်သူများ သွားလာရန်ခက်ခဲသည့်အပြင် မီးဘေးအန္တရာယ် ကြုံတွေ့ပါကလည်း ရပ်ကွက်အတွင်းသို့ မီးသတ်ယာဉ်များ ဝင်ထွက် သွားလာရန် လမ်းမရှိပါသောကြောင့် တရားမဝင် ပိတ်ဆို့ထားသောလမ်းများကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းပိတ်ဆို့မှုကင်းလိုသူ

အမှိုက်များ စနစ်တကျစွန့်စေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တာမွေမြို့နယ် ဗညားဒလလမ်းနှင့် ၁၃စလမ်း နောက်ဖေးလမ်းကြားများတွင် တိုက်အပေါ်ရှိ အခန်းများမှ အမှိုက်များပစ်ချသဖြင့် နောက်ဖေးရေမြောင်းများ၌ အမှိုက်များပိတ်ပြီး ခြင်များပေါက်လျက်ရှိသောကြောင့် ရေစီးရေလာ ကောင်းမွန်ပြီး ခြင်အန္တရာယ်မှ ကင်းရှင်းရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

တာမွေသား

ရေဆိုးများကြောင့် ကျန်းမာရေးစိုးရိမ်ရ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၄၉ရပ်ကွက်အတွင်း လမ်းဆုံလမ်းခွများအောက်တွင် ကွန်ကရစ် ပိုက်လိုင်းများမှာ ကျိုးပဲ့ပျက်စီးပြီး မိုးတွင်းကာလအတွင်း ရေဆိုးများ ထွက်ပေါက်မရှိဖြစ်နေပါသည်။ ယခုအခါ ဗိုလ်မှူးအေးချိုလမ်းနှင့် လမ်းတချို့တွင် ငမိုးရိပ်ရေသွယ်ထားသော ရေပိုက်များ ပေါက်နေသဖြင့် ရေများမှာ နီးစပ်ရာနေအိမ်များအတွင်းသို့ နေ့စဉ်နှင့် အမျှ စီးဝင်နေသည့်အပြင် မိုးတွင်းကျန်ရေညစ်များအနံ့ကိုလည်း နေ့စဉ်ရှူရှိုက်နေရသဖြင့် ကျန်းမာရေး ထိခိုက်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမည်ကို စိုးရိမ်နေရခြင်းတို့ကြောင့် ရေပိုက်ပေါက်များ ပြုပြင်ပေးပါရန် တင်ပြ အပ်ပါသည်။

အမြင်မတော်သူတစ်ဦး

မြို့ဝင်ကြေး ကြပ်မတ်ပေးစေချင်

စာတည်းခင်ဗျား-

ကျောက်တန်းမြို့ ရေလယ်ဘုရားကားရပ်နားစခန်းမှ ငွေကောက်ခံသူများသည် ရပ်နားကွင်းအတွင်းဝင်သည့် ကားများကိုသာ ရပ်နားခကောက်ရမည့်အစား၊ တစ်လမ်းမောင်း ကားလမ်းကိုပိတ်၍ ဝင်ကြေးတောင်းနေပါသည်။ မြို့ဝင်ကြေးကို ပါဒကြီးတွင် ပေးခဲ့ပြီးဖြစ်ပါ၍ မြို့တွင်းလမ်းမပေါ်တွင် ဝင်ကြေးခ မကောက်ခံစေဘဲ ရပ်နားစခန်းဝင်သည့် ကားများကိုသာ ရပ်နားခကောက်ခံရေး ကြပ်မတ်စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မြို့ဝင်ကြေးနှစ်ကြိမ်ပေးနေရသူများ

လူနေရပ်ကွက်အတွင်းမှဝပ်ရှော့ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း ဇလွန်မြို့ လမ်းမတော်မြောက်ရပ်ကွက် ဗိုလ်ချုပ်လမ်း အောင်စည်တော် ကားဂိတ်ရှေ့ရှိ ဝပ်ရှော့သည် လူနေရပ်ကွက်အတွင်း အိမ်နှစ်လုံးကြားရှိ စည်ပင်မြေပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားပြီး လမ်းဘေးပလက်ဖောင်းတွင် မီးစက်ကြီးမောင်း၍ နေ့စဉ် နံနက်မှ ညမိုးချုပ်သည့်တိုင်အောင် ဆူညံစွာဖြင့် လုပ်ကိုင်နေခြင်းကြောင့်လည်းကောင်း၊ မီးခိုးငွေ့၊ ဆီငွေ့များကြောင့်လည်းကောင်း၊ သံပြားထုရိုက်သံ၊ သံပန်းဂဟေဆော်သံ၊ တွင်ခုံနှင့် ကျောက်စက်များတိုက်စားသံတို့ကြောင့်လည်းကောင်း ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါ၍ ၎င်းကားဝပ်ရှော့ကို ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

မီးဘေးအန္တရာယ် စိုးရိမ်နေရ

စာတည်းခင်ဗျား-

ပဲခူးတိုင်း ဝေါမြို့ပေါ်တွင် နွေရာသီရောက်ရှိလာတိုင်း မီးလောင်မှုဖြစ်ပွားလေ့ရှိပြီး ယခုအခါ ဝေါမြို့ပေါ်ရပ်ကွက်တို့၌ မီးလောင်လွယ်စေတတ်သော ဓာတ်ဆီ၊ ဒီဇယ်ဆီ စသည်များကို သိုလှောင်ရောင်းချနေသောကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် လိုအပ်သလိုစိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဝေါသားလေး

အောင်လံမြို့၌မြေထိန်းနံရံ ဆောင်ရွက်လျက်ရှိ

၁၉-၁-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **အောင်လံမြို့ ကန်ကြီးရပ်ကွက် ကမ်းနားလမ်း ၆ လမ်းနှင့် ၇ လမ်းကြားနှင့် မြစ်ဆိပ်ကမ်းတွင် မြေများနိမ့်ကျွံပြိုကျခြင်း မရှိစေရေး** ပေးစာနှင့် ပတ်သက်၍ မြေထိန်းနံရံကို ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

မီးစက်သံဆူညံခြင်း ဆောင်ရွက်ပြီးစီး

၁၂-၁-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မုံရွာမြို့ ရုံးကြီးရပ်ဘုရားကြီး လမ်းပေါ်ရှိ လေသာလမ်းသွယ်နှင့် ဈေးလမ်းအတွင်း စားသောက်ဆိုင်တစ်ဆိုင်မှ မီးစက်သံဆူညံ၍ ပတ်ဝန်းကျင်နေသူများ နားမခံနိုင်အောင်ဖြစ်ရ** ပေးစာနှင့် ပတ်သက်၍ မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

ဉပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်
အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါ ပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းဌေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဉပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ)
ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ငွေ၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန်
(အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဉပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား
လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **“ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး”** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ်	၁ ချပ်	ကျပ် ၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **“ဉပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ”** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

❖ *ကျောဖုံးမှ*

လျော့ကျ

သံလွင်ပင်အစိတ်အပိုင်း ၁၀၀ကီလိုဂရမ်လျှင် ဇီဝအီသနော ၅ ဒသမ ၇ ကီလိုဂရမ် ထုတ်ယူနိုင်သည်ဖြစ်ရာ သံလွင်ပင်မှ ဇီဝအီသနော ထုတ်ယူရေးမှာ လွယ်ကူရှင်းလင်းလေသည်။ သံလွင်ပင်မှ ထုတ်ယူရရှိသော ဇီဝအီသနောမှာ မူလဒီဇယ်၊ ဓာတ်ဆီတို့နှင့် ရောနှောအသုံးပြုသည့်အခါ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထွက်ရှိမှုလည်း လျော့ကျနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိခိုက်

စားသုံးသီးနှံများဖြစ်သော ကြံ၊ ပြောင်းစသည်တို့မှ ဇီဝလောင်စာဆီ ထုတ်ယူမှုသည် အစားအစာ ဖူလုံမှုကို ထိခိုက်စေသည်ဖြစ်ရာ ယခု သံလွင်ပင်မှ ဇီဝလောင်စာထုတ်ယူခြင်းမှာ ထိခိုက်မှုအလွန်နည်းပါးသည့် အပြင် ကုန်ကျစရိတ်လည်း လျော့နည်းကြောင်း စပိန်သုတေသနပညာရှင်များက ပြောကြားသည်။ ။

ကိုးကား-အင်တာနက်

■ *ကျောဖုံးမှ*

တောင်ရေ ရေလှောင်တမံသည် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် တည်ပင်တဲကျေးရွာအနီး၌ တည်ရှိပြီး ၁၉၆၆ခုနှစ်က တည်ဆောက်ခဲ့သည့် ကြက်မောက်တောင်ရေလှောင်တမံကို ရေကူပေးရန် တည်ဆောက်ခဲ့သော ရေလှောင်တမံဖြစ်သည်။

အကျိုးကျေးဇူး

မန္တလေးတိုင်း မြင်းခြံခရိုင်သည် မိုးခေါင်ရေရှား ပူပြင်းခြောက်သွေ့သည့် ဒေသဖြစ်သည်။ ဒေသခံတောင်သူများအနေဖြင့် ဝီရိယနှင့်လုပ်အားမည်မျှပင် စိုက်ထုတ်လုပ်ကိုင် ဆောင်ရွက်နေကြစေကာမူ ရေရာသေချာမှုမရှိဘဲ မိုးရေကိုမျှော်ကိုးပြီး စိုက်ပျိုးလုပ်ကိုင် နေကြရသူများဖြစ်သည့်အတွက် မိုးရွာသွန်းမှုမရှိလျှင် စိုက်ထုတ်ရသည့် ဝီရိယအတိုင်း အကျိုးကျေးဇူး မခံစားရဘဲ ရှိခဲ့သည်။

ရုပ်လုံးပေါ်လာ

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ပူပြင်းခြောက်သွေ့သည့် အညာဒေသ စိမ်းလန်းစိုပြည်ပြီး ရာသီဥတုများ မှန်ကန်လာစေရန် မြင်းခြံခရိုင်အပါအဝင် အညာဒေသ စိမ်းလန်းစိုပြည်ရေး စီမံချက်ကို အကောင်အထည်ဖော်ရန် လမ်းညွှန်ခဲ့ရာ ယနေ့ကာလတွင် အညာဒေသ စိမ်းလန်းစိုပြည်ရေး စီမံကိန်း၏ ရလဒ်ကောင်းများ ရုပ်လုံးပေါ်လာနေပေပြီ။

ရေလှောင်ပမာဏ

တောင်ရေ(ကြက်မောက်တောင်ရေကူ) ရေလှောင်တမံသည် မြေသားတမံဖြစ်ပြီး တမံအမြင့်မှာ ပေ ၇၀၊ တမံ အလျားပေ ၂၉၇၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ၃၄၃၀၊ရေဆင်းဧရိယာ ၂၃စတုရန်းမိုင်ဖြစ်ကြောင်း သတင်းမှတ်စုအဖြစ် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုနေ့ အထိမ်းအမှတ်
ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း ကာယဗလနှင့်ကာယအလှ ဆပ်ကော်မတီက ကြီးမှူး၍ ပြည်ထောင်စုနေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် သဃ်န်းကျွန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စုံစမ်းမေးမြန်း

အဆိုပါပြိုင်ပွဲတွင် ကာယဗလမောင်ပြိုင်ပွဲ၌ လူသစ်တန်းပြိုင်ပွဲ၊ အငယ်တန်းပြိုင်ပွဲ၊ အကြီးတန်းပြိုင်ပွဲ၊ သက်ကြီးတန်းပြိုင်ပွဲ၊ ကာယအလှမယ်ပြိုင်ပွဲတွင် လူသစ်တန်းပြိုင်ပွဲ၊ ၅ပေ ၃လက်မအောက် ပြိုင်ပွဲ၊ အထက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာရင်းများ ပေးသွင်းနိုင်ပြီး ဖေဖော်ဝါရီ ၁၀ရက် နံနက်၉နာရီတွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားရုံ၌ ဆေးစစ်မှုများ ပြုလုပ်မည်ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက အတွင်းရေးမှူး ဒေါ်သိန်းသိန်းဌေး ဖုန်း-၅၄၈၇၅၅သို့ စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

● *ကျောဖုံးမှ*

သတိပေးထား

နေ့စဉ်သွားနှင့်ခံတွင်း မသန့်ရှင်းသောမိခင်များ၏ ကလေးငယ်များအား စမ်းသပ်သုတေသနပြုခဲ့ရာ ကျန်းမာရေးချို့ချာသည့် ကလေးများ မွေးဖွားတတ်ကြကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။ ။

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၅ရက်က ကျင်းပရာ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်း လေးဘာသာဂုဏ်ထူးရှင် မောင်ကျော်လှိုင်စိုး(အထက-၁ ဒဂုံ)အား အသင်း ဒုတိယဥက္ကဋ္ဌဦးစိုးတင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၃၅)

ဆုချီးမြှင့်

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်မိဘ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ရက်က ကျင်းပရာ စတုတ္ထတန်း ပထမဆုနှင့် အုပ်စုဘက်စုံထူးချွန်ဆုရှင် မခိုင်ငြိမ်းထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်မာက ဆုချီးမြှင့်စဉ်။

(ပညာရေး)

နေ့ညမဟူ သတိမူ
ရန်သူ မီးကိုသာ

ကံထူးရှင်ရွေးချယ်

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲ(၂၄၁)ကြိမ်မြောက် အောင်ဘာလေသိန်းဆု ဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်း ဖြစ်သည်-

ကျပ်သိန်း(၁၀၀၀)ဆု

ပ-၈၉၅၇၄၇

ကျပ်သိန်း(၅၀၀)ဆု

က-၃၄၉၈၃၇

ကျပ်သိန်း(၃၀၀)ဆုများ

ခ-၁၆၂၆၀၆ ခ-၁၉၃၁၀၁

ည-၄၂၅၃၈၆

ကျပ်သိန်း(၂၀၀)ဆုများ

စ - ၁၅၃၁၉၃	ဝ - ၃၅၀၄၆၉
မ - ၆၉၇၁၈၂	ဃ - ၉၉၇၁၉၄
န - ၁၅၃၄၆၀	ရ - ၅၅၀၀၁၉
ထ-၆၂၃၂၁၆	

ကျပ်သိန်း(၁၀၀)
(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ဂ - ၃၄၂၀၈၈	ယ - ၁၄၂၄၇၂
ဃ - ၈၃၀၅၁၅	ဠ - ၃၄၉၂၄၇
တ - ၇၇၉၇၀၅	စ - ၄၇၈၉၃၄
တ - ၉၈၇၀၅၂	ခ - ၂၇၆၀၄၁
ဋ - ၅၇၅၁၅၅	တ - ၉၈၃၅၈၉
ရ - ၄၂၃၀၃၇	ဆ - ၉၅၀၄၆၃
င - ၁၆၀၇၆၆	ဍ - ၈၂၅၀၈၄
ဋ - ၉၉၃၁၃၄	ဠ - ၅၉၅၉၇၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ရူပဗေဒ (ရန်ကုန်တက္ကသိုလ်)

မင်္ဂလာပါ၊ ဆရာမအနေနဲ့ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ရူပဗေဒ ဘာသာရပ်ဆိုင်ရာသိမှတ်ဖွယ်ရာများအကြောင်း ပို့ချသွားပါမယ်။

(၁)	၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းလွှာဟာ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံအတိုင်းသာဖြစ်ပါတယ်။ ၂၀၀၈ခုနှစ်မေးခွန်းမှာ သင်ခန်းစာများကို စုံလင်အောင် မေးထားတဲ့အတွက် အခန်းအားလုံးနားလည်ဖို့ ပြဋ္ဌာန်းစာအုပ်ကို ကျေညက်အောင် လေ့လာထားစေလိုပါတယ်။
(၂)	ဒသမတန်းသင်ရိုးသစ်ဖြစ်သော်လည်း မူလရှိပြီးသား အခန်းတိုင်းမှာ Illustrations, Concept Map နှင့် Summary ဖြည့်စွက်ထားခြင်းသာ ဖြစ်ပါတယ်။
(၃)	သက်ဆိုင်ရာ အခန်းတစ်ခုစီအလိုက် Concept, Definition, Formula, Illustration, Units, Example, Question and Problem တွေ အားလုံးကို လေ့လာထားစေလိုပါတယ်။ Text, Summary နဲ့ Teacher's Manual တို့မှာပါတဲ့ Definition တွေ အားလုံးဟာ တူညီပါတယ်။ ကြိုက်တဲ့ဟာ ဖြေလို့ရပါတယ်။ အင်္ဂလိပ်စာလုံးပေါင်း မှန်ရပါမယ်။ အမှတ်များကိုလည်း အမှတ်ပေးစည်းမျဉ်းအရ အဆင့်လိုက်ခွဲခြမ်းစိတ်ဖြာ ပေးပါတယ်။
(၄)	Section (A) မှာ Answer All Questions ဖြစ်တဲ့အတွက် (၉)ပုဒ်ဖြေဆိုရမှာဖြစ်ပါတယ်။ No.9 မှာ (or) ခံထားပါတယ်။ (၄)မှတ်တန် (၉)ပုဒ် စုစုပေါင်း(၃၆)မှတ်ပါ။ ယခင်နှစ်ပုံစံအတိုင်း No.1 မှာ Fill in the blanks (၄)ခု၊ No.2 မှာ True (or) False (၄) ခုတို့ဖြစ်ပြီး ပြဋ္ဌာန်းစာအုပ်တစ်ခုလုံးကိုဖတ်ထားဖို့ လိုပါတယ်။
(၅)	Section (B) မှာ Answer any FOUR Questions ဖြစ်တဲ့အတွက် No.10 မှ No.15 အထိ (၆)ပုဒ်ထဲမှ (၄)ပုဒ်ကိုသာ ဖြေဆိုရမှာဖြစ်ပါတယ်။ No.15 မှာ (or) ခံထားပါတယ်။ Section (B) မှာတော့ တစ်ပုဒ်(၁၆)မှတ်နဲ့ စုစုပေါင်း (၆၄) မှတ်ဖိုးဖြေရမှာပါ။ ဒါ့အပြင် Section (B) မှာအပုဒ်တိုင်းကို (a) နှင့် (b) ထပ်မံခွဲခြားထားပါတယ်။ မေးခွန်းအားလုံးသေသေချာချာလေ့လာပြီး ကိုယ်အကောင်းဆုံး ဖြေဆိုနိုင်မယ့် (၄)ပုဒ်ကို ရွေးချယ်တတ်ဖို့လိုပါတယ်။
	တစ်ခန်းချင်းကိုလေ့လာကြရအောင်။
	Module 1 Mechanics အပိုင်းရဲ့
အခန်း(၁)	WORK DONE AND POWER အခန်းမှာဆိုရင် Power, Mechanical advantage, Velocity Ratio, Efficiency စတဲ့ Definition တွေရယ် သူတို့နဲ့ ဆက်စပ်တဲ့ ပုံသေနည်းတွေ သိဖို့လိုပါတယ်။ ပြီးတော့ Machine, input work, output work, elasticity, elastic limit, stress, strain စတဲ့ concept တွေကို သိထားရပါမယ်။ Hooke's Law နဲ့ stress - strain graph ကိုလည်း သိဖို့လိုပါတယ်။
အခန်း(၂)	ကတော့ PRESSURE နဲ့ပတ်သက်တဲ့အပိုင်းပါ။ ဒီအခန်းမှာ Pressure, Atmospheric pressure, pressure in liquid, upward thrust, Archimedes' principle, barometer, Manometer, Hydrometer, Pascal's Law တို့နဲ့ပတ်သက်တာတွေ သိနားလည်ရပါမယ်။
	Module 2 Heat အပိုင်းရဲ့
အခန်း(၃)	ဟာ TRANSFER OF HEAT နဲ့ ပတ်သက်တာ ဖြစ်ပါတယ်။ ဒီအခန်းမှာ Heat Conduction, Heat Convection, Heat Transfer by Radiation, Black body, The total emissive power, Stephan-Boltzmann's Law, Brownian Motion စတာတွေရယ် သူတို့နဲ့ပတ်သက်တဲ့ ပုစ္ဆာတွေ ပိုင်နိုင်ရပါမယ်။
	Module 3 Waves and sound အပိုင်းရဲ့
အခန်း(၄)	မှာတော့ VIBRATION OF STRINGS, RESONANCE AND VIBRATION OF AIR COLUMNS ဖြစ်ပါတယ်။ Stationary wave, Progressive wave, nodes, antinodes, Waves in a vibrating strings, Waves in an open organ pipe, Waves in a closed organ pipes, resonance, beat, noise exposure limits, Energy and momentum in waves အပိုင်းတွေကို သိထားရပါမယ်။
	Module 4 Optics အပိုင်းရဲ့
အခန်း(၅)	မှာ INTRODUCTION TO LIGHT အပိုင်းပါ။ light, refraction of light, Laws of Refraction, Refractive index, Relation between angle of incidence and angle of emergence for a ray passing through a glass slab with parallel sides, Lateral Displacement , Refractive index related to real and apparent depths, critical angle, total internal reflection, Formation of image in the 90°-45°-45° prisms, i-D graph and angle of minimum deviation , Refractive index of the prism, The angle of deviation of thin prism, Applications of total internal reflection , Dispersion by a prism အပိုင်းတွေကို သိထားရပါမယ်။
အခန်း(၆)	ကတော့ REFRACTION, DIFFRACTION AND INTERFERENCE OF LIGHT ပါ။ Refraction through lenses, concave and convex lenses, Principal focus and focal length, Formation of images by lenses, Lens formula , Magnification , Power of a lens, diffraction and interference တွေနဲ့ ပတ်သက်တဲ့ပုံ၊ ပုစ္ဆာတွေကို ကျေညက်ထားဖို့လိုပါတယ်။
အခန်း(၇)	ကတော့ OPTICAL INSTRUMENTS အပိုင်းပါ။ ဒီအခန်းမှာ camera, eye, defects of vision, simple microscope (magnifying glass), compound microscope, Astronomical telescope, Terrestrial telescope, slide projector စတာတွေနဲ့ ပတ်သက်တဲ့ ပုံသေနည်းတွေ၊ ပုံတွေ၊ ပုစ္ဆာတွေ သိကျွမ်းဖို့လိုပါတယ်။
	Module 5 Electricity and Magnetism အပိုင်းရဲ့
အခန်း(၈)	မှာ THE ELECTRIC FIELD အပိုင်းပါ၊ Coulomb's Law နဲ့ ပတ်သက်တာ၊ electric field နဲ့ electric field intensity, electric lines of force, lighting conductor, Non-uniform electric field and uniform electric field တို့နဲ့ ပတ်သက်တာတွေ လေ့လာထားရပါမယ်။ electric field ရဲ့ direction တွေကိုလည်း ဖြေတတ်ဖို့လိုပါတယ်။
အခန်း(၉)	မှာတော့ ELECTRIC POTENTIAL နဲ့ပတ်သက်ပါတယ်။ electric potential, electric potential difference, equipotential surface, electric potential of the earth နဲ့ potential between two parallel charged plates တို့ကို သိထားရပါမယ်။
အခန်း(၁၀)	မှာတော့ CAPACITANCE အကြောင်းလေ့လာရမှာပါ၊ Capacitor, Capacitance, dielectric constant, parallel plate capacitor, capacitor in parallel, in series, Energy stored by the capacitor စတာတွေကို သိနားလည်ထားရပါမယ်။
အခန်း(၁၁)	ဟာ CURRENT AND ELECTRIC CIRCUITS တွေအကြောင်းဖြစ်ပြီး current, direction of current, Ohm's law နဲ့ resistance ရှာပုံတွေ၊ resistivity, resistance ရဲ့ အပူချိန်နဲ့လိုက်ပြီး ပြောင်းလဲပုံ၊ resistor တွေကို series, parallel ဆက်တာတွေနဲ့ သူတို့ရဲ့အကျိုးဆက်တွေကို သိကျွမ်းရပါမယ်။ Electromotive force အကြောင်းတွေ၊ battery တွေကို series, parallel ဆက်တာတွေကို လေ့လာရပါမယ်။ circuit တွေနဲ့ circuit equation ကိုလည်း သိထားရမယ်။ ပြီးတော့ current ရဲ့ effect တွေဖြစ်တဲ့ heating effect, chemical effect, magnetic effect တွေရဲ့သဘောကို ပုံနဲ့တကွ နားလည်ထားရပါမယ်။ Ammeter, Voltmeter တွေကို တပ်ဆင်ပုံလည်း နားလည်ရပါမယ်။
အခန်း(၁၂)	မှာတော့ ELECTRICAL ENERGY AND POWER ဖြစ်ပါတယ်။ Electrical energy, Electrical power, Joule's Law နဲ့ ဆိုင်တာတွေကို လေ့လာထားရပါမယ်။ Electrical energy ရဲ့ လက်တွေ့သုံး unit ကိုလည်း သိထားရမှာဖြစ်ပြီး heating effect of current ကိုသုံးပြီး ပြုလုပ်ထားတဲ့ အိမ်သုံးပစ္စည်းများကိုလည်း သိရပါမယ်။ Electricity ရဲ့ အန္တရာယ်များကိုလည်း သိဖို့လိုအပ်ပါတယ်။
အခန်း(၁၃)	ELECTROMAGNETISM အပိုင်းပါ။ ဒီအပိုင်းမှာ Magnet, electromagnet, Magnetic lines of force, left hand rule, right hand rule, solenoid, magnetic field of solenoid, moving coil galvanometer, moving coil ammeter, moving coil voltmeter, transformer, electromagnetic induction, induction coil, d.c, a.c, principles of house wiring စတာတွေကို လေ့လာထားရပါမယ်။
	Module 6 Modern Physics အပိုင်းရဲ့
အခန်း(၁၄)	MODERN PHYSICS ပါ။ Thermionic emission, Vacuum diode တွေ triode တွေက အစပြုလို့ Semiconductor, junction diode, rectifier, transistor, IC, Logic gates နဲ့ Combination of gates တွေအကြောင်း လေ့လာရပါမယ်။ Radioactivity, Radiations တွေနဲ့စပ်ဆိုင်တာတွေ Models of atom, uses of radioactivity, radio isotope, reactor, Nuclear reaction တွေအကြောင်း လေ့လာရပါမယ်။ Electronic devices တွေဖြစ်တဲ့ CRO, CRT, TV, Radio, Computer တွေအကြောင်းကို လေ့လာထားဖို့ အရေးကြီးပါတယ်။ Cathode rays နဲ့ဂုဏ်သတ္တိ၊ X-rays, Production of X-rays နဲ့ X-rays ရဲ့ ဂုဏ်သတ္တိ၊ X-rays အသုံးဝင်ပုံတွေကိုလည်း ကျေညက်ဖို့လိုပါတယ်။

ပုစ္ဆာကိုတွက်ရာမှာ နမူနာ အမှတ်ပေးအချို့ကို ကြည့်ရအောင်။

ပုစ္ဆာကို ဖတ်ပြီးလျှင် ပေးထားချက်တွေကို ပထမချရေးပါမယ်။ သက်ဆိုင်တဲ့ Formula ကိုရေးပါမယ်။ ပေးထားတဲ့ numerical value တန်ဖိုးများထည့်ပြီးတွက်ရင် အဖြေရရှိလာမယ်။ အဖြေမှာ ကိန်းဂဏန်းတန်ဖိုးနဲ့ unit ကို မှန်အောင်ရေးရပါမယ်။ unit မှားရင် unit အတွက် အမှတ်မရရှိတော့ပါဘူး။ Formula၊ ဂဏန်း

စာမျက်နှာ ၁၆ ကော်လံ ၁

စာမျက်နှာ ၁၅ မှ

တန်ဖိုးအစားထိုးခြင်း၊ အဖြေမှန်ရရှိခြင်းတို့ကို အဆင့်လိုက်၊ တစ်ဆင့်ပြီးတစ်ဆင့် အမှတ်ပေးတာဖြစ်ပါတယ်။ တချို့ပုစ္ဆာတွေမှာ unit ပြောင်းပေးဖို့လိုတာတွေရှိပါတယ်။ ဥပမာပေးထားတဲ့ Q_2 မှာ black body ရဲ့ area ကို cm^2 နဲ့ပေးထားလို့ SI system အတွက်ဆို m^2 ပြောင်းပေးရပါမယ်။ ဒီလိုပြောင်းတဲ့အတွက် အမှတ်ပေးတာမျိုးလည်းရှိပါတယ်။

နမူနာ လေ့ကျင့်ခန်းအချို့ကို ကြည့်ရအောင်။

Q1 The total mass of gas, which fills a meteorological balloon, is 50 kg. The balloon string is tied to a post, which is fixed to the earth. Find the tension in the string if the volume of the balloon is 110 m^3 and the density of air is 1.3 kg m^{-3}.

A1 ဒီပုစ္ဆာမှာ balloon မှာထည့်ထားတဲ့ gas ရဲ့ weight နဲ့ ကြိုးရဲ့ tension ပေါင်းဟာ balloon ကို လေကပင့်အား (buoyant force) နဲ့တူရပါမယ်။

total mass of gas = 50 kg, ρ_{air} = 1.3 kg m^{-3}, V = 110 m^3

tension + weight of gas = buoyant force

$T + mg = V\rho g$

$T = V\rho g - mg = 110 \times 1.3 \times 10 - 50 \times 10 = 930$ N

Q2 If the rate of energy radiation from a black body of area 100 cm^2 is 42W, find the temperature of that black body. (σ =5.685 × 10^{-8} $Wm^{-2}K^{-4}$)

A2 ဒီမေးခွန်းမှာ black body လို့ပေးထားတဲ့အတွက် emissivity(e)=1 ဖြစ်ပါတယ်။ area က cm^2 နဲ့ပေးထားတဲ့အတွက် SI unit ဖြစ်အောင် m^2 ပြောင်းရပါမယ်။ နောက် rate of energy radiation ရဲ့ formula ကို ရေးပြီး T ကိုရှာရမယ်။ T ရဲ့ယူနစ်က K ဖြစ်ပါတယ်။

$H = 42$ W, $A = 100\ cm^2 = 100 \times (10^{-2}\ m)^2 = 0.01\ m^2$,

e = 1 (black body), T = ?

$H = e\sigma AT^4$

$42 = 1 \times 5.685 \times 10^{-8} \times 0.01 \times T^4$

$T^4 = 7.388 \times 10^{10}$

T = 521.4 K

Q3 An object 1.05 cm tall is 80 cm away from the screen and the size of its image on the screen is 0.35 cm. Find the position and the focal length of the lens.

A3 object နဲ့ image ရဲ့အရွယ်များပေးထားပြီး screen မှာ image ပေါ်တာဖြစ်တဲ့အတွက် real image (inverted) ဖြစ်လို့ II′(–) ကို ယူပါတယ်။ object နဲ့ image ရဲ့ အကွာအဝေး ပေးထားတဲ့အတွက် ညီမျှခြင်းကို ရေးပါတယ်။ နောက် magnification formula သုံးပြီး u, v ရှာရမယ်။ ပြီးမှ lens formula နဲ့ focal length ရှာပါတယ်။

OO′ =1.05 cm

II′ = –0.35 cm (on the screen, real)

u + v = 80 cm

v = 80 – u

$$m = \frac{II'}{OO'} = -\frac{v}{u}$$

$$\frac{II'}{OO'} = -\frac{v}{u}$$

$$\frac{-0.35}{1.05} = -\frac{(80-u)}{u}$$

u = 60 cm

The position of the lens is 60cm

v = 20 cm

$$\frac{1}{u} + \frac{1}{v} = \frac{1}{f}$$

$$\frac{1}{60} + \frac{1}{20} = \frac{1}{f}$$

f = 15 cm

Q4 A wire of length 100 m is made of silver of resistivity 1.62 × 10^{-8} Ω m, and has a radius of 1 mm. (a) Find the resistance of the wire. (b) A second wire is made from the same mass of silver but has double the radius. Find its resistance.

A4 ℓ = 100 m, $\rho = 1.62 \times 10^{-8}$ Ωm, r = 1 mm = 10^{-3} m, (a) R =?

(a) ပိုင်းမှာ silver wire ရဲ့ resistance ရှာခိုင်းတာဖြစ်ပါတယ်။ ဒါကြောင့် resistance formula ရေးပြီး အစားသွင်း တွက်ပါမယ်။ radius က mm ကို m ပြောင်းပေးရမယ်။

$$R = \rho\frac{\ell}{A} = \rho\frac{\ell}{\pi r^2} = 1.62 \times 10^{-8} \times \frac{100}{3.142 \times 10^{-3} \times 10^{-3}} = 0.52\ \Omega$$

(b) $m_2 = m_1$, $V_2 = V_1$, $r_2 = 2r_1$, R_2 =?

(b) ကတော့ ပထမ wire နဲ့ mass တူညီပြီး radius ၂ဆရှိတဲ့ ဒုတိယ silver wire ရဲ့ resistance တန်ဖိုးရှာရမှာဖြစ်ပါတယ်။ Since they have the same mass and are of same material, they have same volume.

$V_2 = V_1$

$$R = \rho\frac{\ell}{A} \times \frac{A}{A} = \rho\frac{V}{A^2} = \rho\frac{V}{(\pi r^2)^2} = \rho\frac{V}{\pi^2 r^4}$$

$$R_1 = \rho_1\frac{V_1}{\pi^2 r_1^4}$$

$$R_2 = \rho_2\frac{V_2}{\pi^2 r_2^4} = \rho_1\frac{V_1}{\pi^2 (2r_1)^4} = \frac{1}{16} \times \rho_1\frac{V_1}{\pi^2 r_1^4} = \frac{1}{16} \times R_1 = \frac{1}{16} \times 0.52$$

= 0.0325Ω

Q5 A moving-coil galvanometer of resistance 20 Ω gives a full-scale deflection when a current of 5 mA passes through it. What modification must be made to it so that it will give a full-scale deflection for (a) a current of 1 A and (b) a potential difference of 100 V?

A5 R_G = 20 Ω, i = 5 m, A = 5 × 10^{-3}, A = 0.005 A

(a) I = 1 A, r =?

moving-coil galvanometer ကို 1A စကေး ammeter အဖြစ်ပြောင်းဖို့ modify လုပ်တာ ဖြစ်ပါတယ်။ ဒါကြောင့် R_G နဲ့ parallel ဆက်ရမယ့် r ရဲ့ formula ရေးပြီး တွက်ရပါမယ်။

$$r = \frac{iR_G}{I-i} = \frac{5 \times 10^{-3} \times 20}{1-0.005} \approx 0.1\ \Omega$$

(b) V = 100 V, R =? voltmeter အဖြစ်အသုံးပြုဖို့အတွက် R_G နဲ့ series ဆက်ရမယ့် R ကို တွက်ယူရမယ်။

$$R = \frac{V}{i} - R_G = \frac{100}{0.005} - 20 \approx 20\ k\Omega$$

ဒါကြောင့် -

၁။ မေးခွန်းဟောင်းများကို လေ့လာပါ။

၂။ Text book ကို ကျေညက်အောင် လေ့လာပါ။

(က) Laws, Definitions, units အားလုံးကို မှန်အောင်ရေးချနိုင်ပါစေ။

(ခ) Examples, Problems အားလုံးကို နားလည်ပြီး တွက်ချက်နိုင်ပါစေ။

(ဂ) Diagrams အားလုံးကို ဆွဲတတ်၊ Label ထိုးတတ်ပါစေ။

(ဃ) စာလုံးပေါင်းမှန်ပါစေ။

ကျောင်းသား၊ ကျောင်းသူများအားလုံး စာမေးပွဲဖြေဆိုနိုင်ပါစေ။

ဖိတ်ကြားလွှာ

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကင်းမွန်းစခန်း၊ ကျိုက်ထီးရိုး မဟာစည်ရိပ်သာအတွင်း၌ သာယာကုန်းဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒ ဦးဆောင်၍ ကုသိုလ်ရှင်များ တည်ထားတော်မူသော ရွှေတိဂုံပုံတူ စေတီတော်မြတ်အား ထီးတော်တင်လှူခြင်း၊ ဌာပနာတော်ပိတ်ခြင်း၊ သိမ်သမုတ်ခြင်း၊ ပင့်သံဃာတော်(၁၀၈)ပါးတို့အား သိမ်ဆင်း လောင်းလှူခြင်း၊ ဆောက်လုပ်ပြီးအမိဋ္ဌာန်ကျောင်းဆောင်များ ရေစက်ချလှူဒါန်း အလှူမင်္ဂလာပြုလုပ်မည် ဖြစ်ပါသောကြောင့် အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ(၁၃၇၀ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၃ရက်) ၁၂-၂-၂၀၀၉ရက် (ကြာသပတေးနေ့) နံနက် ၆နာရီမှ မွန်းလွဲ ၂နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကုသိုလ်ရှင်များနှင့်
အကျိုးဆောင်အဖွဲ့
ကျိုက်ထီးရိုးမဟာစည်ရိပ်သာ
ကင်းမွန်းစခန်း၊ကျိုက်ထိုမြို့။

ရောင်းမည်

CAT D.S.H မြေထိုးစက်

ဖုန်း-၀၉-၅၀-၄၀၀၉၆၊ ၀၉-၅၀-၁၄၂၉၆၊ ၅၆၃၆၁၀။

သစ်တောရေးရာဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းမှအောက်ပါစက်အရန်ပစ္စည်းများကို မြန်မာကျပ်ငွေ (kyat) ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (SealedTender)ကိုပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	တင်ဒါအမှတ်	ယာဉ်/ယန္တရားအမျိုးအစား	အမျိုးအမည် (Item)အရေအတွက်
1.	14(T)/MTE/ Local / 2008-2009	Spare Parts for Komatsu D65A-6 Dozer	4
2.	15(T)/MTE/ Local / 2008-2009	Spare Parts for Caterpillar D6D Dozer	9
3.	16(T)/MTE/ Local / 2008-2009	Spare Parts for Komatsu D85A-12 Dozer	15
4.	17(T)/MTE/ Local / 2008-2009	Spare Parts fo Clark 75 IIIA Loader	16
5.	18(T)/MTE/ Local / 2008-2009	Spare Parts for Volvo L90B Loader	11
6.	19(T)/MTE/ Local / 2008-2009	Spare Parts for Volvo L90C Loader	10
7.	20(T)/MTE/ Local / 2008-2009	Spare Parts for Isuzu CXZ 80 Q Logging Truck	6
8.	21(T)/MTE/ Local/ 2008-2009	Spare Parts for Isuzu SPZ 580 VPZ 440 Logging Truck	17
9.	22(T)/MTE/ Local / 2008-2009	Spare Parts for Hino ZM 443	21
10.	23(T)/MTE/ Local / 2008-2009	Spare Parts for Hino TE 11/21	14

၂။ ချိပ်ပိတ်တင်ဒါပိတ်ရက်မှာ(၁၃. ၂ . ၂၀၀၉)ရက် မွန်းတည့် (၁၂ : ၀၀)နာရီဖြစ်ပြီး၊ တင်ဒါပုံစံများကို(၂. ၂. ၂၀၀၉)ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

အင်ဂျင်နီယာဌာန၊မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)
ကမ်းနားလမ်းနှင့်အလုံလမ်းထောင့်၊အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၂၁၆၈၂ ၊၂၂၁၆၈၃

အလှူရှင်များ နှိုးဆော်ခြင်း

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ ဓိနိဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်တို့ကို အသစ်ပြုပြင်မွမ်းမံရန်အတွက် ရင်ပြင်တော်ပေါ်တွင် အမှုဆောင်ခံထားရှိပါသည်။ ထီးတော်အသစ်တင်ရန်နှင့် ပင်မစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရာတွင် စေတနာရှင်များမှ ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန် အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့
ကျိုက်ဝိုင်းစေတီတော်၊
ဖုန်း-၆၆၀၀၀၆။

ဘာသာစုံအမှတ်ကောင်းရမည်

XI 40 days Non-Stop
၅-၂-၂၀၀၉ရက်မှ
၁၆-၃-၂၀၀၉ရက်
ည ၇နာရီမှ နံနက် ၆နာရီအထိ
ဝါရင့် M.Sc
ဒေါ်သစင်မြင့်(ပညာ့အားသစ်)
ဖုန်း-၀၉-၅၁-၆၅၂၃၁။

အမည်ပြောင်း

အဖ ဦးမြင့်အောင်၏သား အထက (တာချီလိတ်)အမှတ်(၁)မှ မောင်စေယျာ ဘွန်းပြည့် ၁၃/တခလ(နိုင်) ၀၇၇၁၉၃ အား မောင်စေယျာလင်းဟု ပြောင်းလဲခေါ်ပါရန်။

စက်မှုမြေကွက်နှင့် ဂိုဒေါင်ရောင်းမည်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)စက်မှုမြို့၊ အပိုင်း (၂)၊ ဦးဖိုးလှိုင်လမ်းမပေါ်ရှိ (၁ ဒသမ ၇၅)ဧက မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁၅၅ပေ× ပေ၆၀) ဂိုဒေါင်၊ (၇၅ပေ×ပေ၂၀)လူနေဆောင်၊ ခြံစည်းရိုးမတ်လည်ကာရံပြီး။ ရေ၊ မီးစုံ၊ ဖုန်းပါ။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁-၅၂၀၇၀။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် တခလ/၅၀၃၆ ဖွန်ဒါဝေဖ် လက်ဝယ်ရှိသူ ဒေါ်နန်းကျင်နွန်း ၁၃/တခလ(နိုင်)၀၆၀၅၃၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊စရိုင်ရုံး (တာချီလိတ်)။

သံလွင်ပင်မှ ဇီဝလောင်စာစွမ်းအင် ထုတ်ယူနိုင်ပြီ

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

အစားထိုးလောင်စာစွမ်းအင်ရရှိရေး နည်းလမ်းမျိုးစုံဖြင့် သုတေသနပြုမှုများ ဆောင်ရွက်နေသည့်အချိန်၌ သံလွင်ပင်မှ ဇီဝအီသနော ထုတ်ယူနိုင်ကြောင်း စပိန်သုတေသနပညာရှင်များက ထုတ်ဖော် ပြောကြားလိုက်သည်။

သက်သာ

သံလွင်ပင်၏ ပင်စည်၊ ရိုးတံ၊ အရွက်နှင့် အမြစ်များမှ ထွက်ရှိသောအဆီကို မူလ ရေနံ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီများနှင့် ရောနှောအသုံးပြုခြင်းဖြင့် စက်သုံးဆီသုံးစွဲမှုကို လျှော့နည်းသက်သာစေမည်ဖြစ်သည်။

ရှင်သန်

သံလွင်ပင်များသည် ကမ္ဘာ့နိုင်ငံ အသီးသီး၌ ပေါက်ရောက်ဖြစ်ထွန်းနိုင်ကြသည့် အပင်များဖြစ်ရာ ကမ္ဘာ့ဒေသအများအပြားတွင် သံလွင်ပင်များ ရှင်သန်ကြသည်။ သံလွင်ပင်များ၏ ပင်စည်၊ အရွက်၊ ရိုးတံနှင့် အမြစ် စသည်တို့သည် တစ်နှစ်လျှင် တန်ချိန်လေးသန်းခန့် ထွက်ရှိတတ်ရာ လိုအပ်သော ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်သည်။



လျှော့နည်း

သံလွင်ပင်မှ ထုတ်ယူရရှိသော ဇီဝအီသနောသည် မူလစက်သုံးဆီနှင့် ရောနှောအသုံးပြုခြင်းကြောင့် စက်သုံးဆီကုန်ကျမှု သက်သာစေသည့်အပြင် ကုန်ကျစရိတ်လည်း များစွာလျှော့နည်းစေကြောင်း စပိန်သုတေသနပညာရှင်များက ပြောကြားသည်။

ပေါင်းစပ်သုံးစွဲ

သံလွင်ပင်မှ ထုတ်ယူရရှိသော ဇီဝစွမ်းအင်မှာ သဘာဝ ပတ်ဝန်းကျင်ကို လုံးဝမထိခိုက်စေကြောင်း၊ မူလ ဒီဇယ်၊ ဓာတ်ဆီသုံးစွဲမှုများကို ကုန်ကျစရိတ် သက်သာစွာဖြင့် ပေါင်းစပ်သုံးစွဲသွားနိုင်မည်ဖြစ်သည်။

အင်ဂျင်စွမ်းရည်

သံလွင်ပင်မှ ထုတ်ယူရရှိသော ဇီဝအီသနောကို မူလစက်သုံးဆီများနှင့် ရောစပ်သုံးစွဲပါက မော်တော်ယာဉ်များတွင် စက်သုံးဆီသုံးစွဲမှုကို လျှော့နည်းသက်သာစေသည့်အပြင် အင်ဂျင်စွမ်းရည်ကို တိုးမြင့်သွားစေကြောင်း သိရသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ❖

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာ(ရန်ကုန်တက္ကသိုလ်) သင်ခန်းစာကို ဖော်ပြထားပါသည်။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

သွားနှင့်ခံတွင်းကို သန့်ရှင်းစွာမထားလျှင် ပေါင်မပြည့်သော ကလေးများ မွေးဖွားနိုင်

သွားနှင့်ခံတွင်းကို သန့်ရှင်းစွာထားပါက နှလုံးရောဂါနှင့် ဆီးချိုရောဂါဖြစ်ပွားမှုတို့ကို ကာကွယ်ပေးရန် အထောက်အကူပြုစေကြောင်း ဗြိတိသျှသုတေသနပညာရှင်များက အကြံပြုလိုက်သည်။



ကိုယ်ဝန်ဆောင် အမျိုးသမီးငယ်များအနေဖြင့် သွားနှင့်ခံတွင်းတို့ကို နေ့စဉ် သန့်ရှင်းမှုမပြုလုပ်ပါက ကလေးမွေးဖွားသည့်အခါ ပေါင်ချိန်မပြည့်သော ရင်သွေးငယ်များ မွေးဖွားတတ်ကြကြောင်း ၎င်းတို့က သတိပေးထားသည်။

ထို့အပြင် ကိုယ်ဝန်ဆောင်ကာလအတွင်း သွားနှင့်ခံတွင်း နေ့စဉ်ပုံမှန် သန့်ရှင်းမှုမပြုလုပ်လျှင် သန္ဓေသား၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း သိရသည်။ စာမျက်နှာ ၁၃ ကော်လံ ၅ ●

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊
(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)

အညာဒေသ စိမ်းလန်းစိုပြည်ရေး စီမံကိန်း၏ရလဒ်ကောင်းများ ရုပ်လုံးပေါ်အောင် ဆောင်ရွက်လျက်ရှိသည့် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်က တောင်ရေ (ကြက်မောက်တောင်ရေကူ) ရေလှောင်တမံ

သတင်းမှတ်စု - နုနုရီ နှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ

ရန်ကုန် ဖေဖော်ဝါရီ ၁

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်၊ တိုင်းများနှင့် နယ်စပ်ဒေသများပါမကျန် ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီး (၃)ရပ်ဖြစ်သည့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက် ပေးလျက်ရှိသည်။

ဖွင့်လှစ်ပေး

ထိုသို့ ဆောင်ရွက်ပေးခဲ့သည့်အနက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်ခဲ့သည့် မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် တည်ပင်တဲကျေးရွာအနီး တောင်ရေ ရေလှောင်တမံကို ၂၀၀၄ခုနှစ် ဇူလိုင် ၂၈ရက်က ဖွင့်လှစ်ပေးခဲ့သည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ■